ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (5-1-2015) (၈၀၇၆)

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏၊ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

# ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ပိုလ်ရှုခံအခမ်းအနားကျင်းပ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းခံယူ

နေပြည်တော် ဇန်နဝါရီ ၄

**၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ပိုလ်ရှုခံအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပိုလ်ရှုခံမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူသည်။**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမွန်၊ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဇနီး ဒေါ်ခင်ပြုံး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ပိုလ်ရှုခံအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂုဏ်ပြုစစ်ကြောင်းများက ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၅-၁-၂၀၁၅၊ တနင်္လာနေ့

# ပြည်သူတို့၏ သစ္စာဓိဋ္ဌာန်

မြန်မာတစ်မျိုးသားလုံး၏ အလေးအမြတ်ပြုလေ့ရှိသော နေ့ထူးနေ့မြတ်နေ့တစ်နေ့ဖြစ်သည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နှစ်ပေါင်း ၅၀ ကျော်ကြာ မကျင်းပဖြစ်ခဲ့သည့် ဗိုလ်ရှုခံအခမ်းအနားကြီးကို ကြီးကျယ်ခမ်းနားမှုနှင့်အတူ ထည်ဝါခံ့ညားစွာကျင်းပနိုင်ခဲ့ပေသည်။

ယခုနှစ်ကျင်းပသည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး ရယူပေးခဲ့ကြသော မိဘဘိုးဘွားမျိုးချစ်များနှင့် ရရှိခဲ့သောလွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ဂုဏ်ပြုခဲ့ပေသည်။

ထို့အပြင် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတော်ဖြစ်ကြောင်း အထိမ်းအမှတ်ဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလံတော်အား နိုင်ငံတော်သမ္မတကြီးရှေ့မှောက်တွင် လူထုလူတန်းစား အလွှာစုံပါဝင်သော စစ်ကြောင်းကြီးများက လွတ်လပ်ရေးကို လေးစားမြတ်နိုးသောအားဖြင့် အလေးပြုခဲ့ကြပေသည်။

ထိုသို့ အလေးပြုကြပြီးနောက် တက်ရောက်လာကြသူများက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကိုယ်စား လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် သစ္စာဓိဋ္ဌာန်ပြုခဲ့ကြခြင်းမှာ ယခုနှစ်လွတ်လပ်ရေးနေ့၏ ထူးခြားသောဝိသေသပင်ဖြစ်သည်။

၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသော ဦးတည်ချက်ပါအတိုင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ကြမည်။
- ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုအတွင်း ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ကြမည်။
- လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဟု အလေးအနက်ထားခံယူကာ

ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် လွတ်လပ်ရေးနေ့တွင် သစ္စာဓိဋ္ဌာန်ပြုခဲ့ကြသည့်အတိုင်း နိုင်ငံနှင့်ပြည်သူအတွက် မျှော်မှန်းထားသည့် ရည်မှန်းချက်များအတိုင်း ရောက်ရှိနိုင်ရန် ညီညီညွတ်ညွတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတိုင် လွတ်လပ်သောနိုင်ငံ၊ အချုပ်အခြာအာဏာပိုင်သောနိုင်ငံအဖြစ် တည်တံ့ခိုင်မြဲနေချိန်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စောင့်ရှောက်ကာကွယ်ထိန်းသိမ်းရင်း ပြည်သူတို့၏တူညီသောဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တိုင်းချစ်၊ ပြည်ချစ်၊ နိုင်ငံချစ်စိတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်မှသာ မိမိတို့မျှော်မှန်းထားသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပန်းတိုင်သို့ ရောက်ရှိတက်လှမ်းနိုင်မည့်အပြင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် အခွန့်ရှည်စွာဖြင့် ဂုဏ်ကျက်သရေမင်္ဂလာအဖြာဖြာ တင့်တယ်ဝေဆာနေမည် ဖြစ်ပါသည်။ ။



# စကျင်ကျောက်တော်ကြီး အချောထည်ထုဆစ်မည့် အလုပ်ရုံဝင်းသို့ ပင့်ဆောင်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၄**

နေပြည်တော် အောင်မေဥ္ဇာ တောင်ညွန့်တွင် တည်ထားကိုးကွယ်မည့် မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ရန် စကျင်ကျောက်တော်ကြီးကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် ဦးဆောင်ကာ နေပြည်တော်ကောင်စီဝင်များ ကြီးကြပ်ပြီး ညအိပ်ရပ်နားခဲ့သည့် ဒက္ခိဏသီရိမြို့နယ် ရွှေပြည်တော်ဝင်(စီလမ်းဆုံ) မြို့ဝင်ဂိတ်နေရာမှ ရုပ်ရှင်တော်မြတ်ကြီး အချောထည်ထုဆစ်မည့် ပုဗ္ဗသီရိမြို့နယ် အေစီအီးအလုပ်ရုံဝင်းအတွင်းသို့ မွန်းတည့် ၁၂ နာရီတွင် ပင့်ဆောင်ရောက်ရှိသည်။ ပင့်ဆောင်ရာလမ်းတစ်လျှောက်တွင် ရဟန်း ရှင်လူ ပြည်သူများက စောင့်မျှော် ဖူးမြော်ကြပြီး အလှူငွေများ ထည့်ဝင်ကြကြောင်း သိရသည်။

ဆက်လက်ပြီး ဆင်နှစ်ကောင်မိသားစုကုမ္ပဏီက အချောထည်ထုဆစ်မည့် သတ်မှတ်နေရာတွင် နေရာချထားရေးဆောင်ရွက်ကြရာ ညနေ ၅ နာရီခွဲတွင် အောင်မြင်စွာ နေရာချထားပေးနိုင်ခဲ့သည်။

စကျင်ကျောက်တော်ကြီးကို စကျင်ကျေးရွာမှ ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က စတင်ပင့်ဆောင်ခဲ့ပြီး တံတားဦးမြို့နယ် စကားအင်းလမ်းအသုံးပြုခကောက်ခံရေးစခန်းတွင် တစ်ည၊ မိတ္ထီလာမြို့နယ် သီးကုန်းယာဉ်ရပ်နားစခန်း၌ တစ်ည၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေပြည်တော်ဝင်လမ်းဆုံ(စီလမ်းဆုံ) တွင် တစ်ညရပ်နားခဲ့ကာ ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။ စကျင်ကျေးရွာမှ နေပြည်တော်ရှိ အချောထည်ထုဆစ်မည့် အလုပ်ရုံဝင်းအထိ မိုင်ပေါင်း ၂၂၂ မိုင်ပင့်ဆောင်ခဲ့ရပြီး ပင့်ဆောင်ရာလမ်းတစ်လျှောက်ရှိ ရဟန်း ရှင်လူ ပြည်သူများက စေတနာသဒ္ဓါတရားထက်သန်စွာလှူဒါန်းကြရာ စုစုပေါင်း လှူဒါန်းငွေကျပ် ၆၉ သိန်း ခုနစ်သောင်းကျပ်ရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၄**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ ၂၀ မိနစ်က လွိုင်ကော်မြို့ ကန္ဒာဟောဝန်ပန်းခြံရှိ ကျောက်သားရင်ပြင်၌ကျင်းပရာ ကယားပြည်နယ် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဂုဏ်ပြုတပ်ဖွဲ့များ တက်ရောက်အလေးပြုကြကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

# မနောကွင်းပြင်ဆင်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**မြစ်ကြီးနား ဇန်နဝါရီ ၄**

(၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်ကို ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ ခုနစ်ရက်ကြာ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ အထင်ကရမနောကွင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ မနောပွဲတော်ကြီးနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ပြခန်းနှင့် အစိုးရအဖွဲ့ဝန်ကြီးဌာနများအောက်ရှိ ဌာနဆိုင်ရာများ၏ပြခန်းများ အပြီးသတ်ပြင်ဆင်ဆောက်လုပ်မှုအခြေအနေကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီခွဲက ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းနှင့် ဝန်ကြီးများက လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

(၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်မနောပွဲတော်ကို ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ဆင်နွှဲနိုင်ရေး၊ မနောပွဲဖြစ်မြောက်ရေးကော်မတီ (ပင်မကော်မတီ) ဥက္ကဋ္ဌအဖြစ် ဦးလခရိလအောင်က ဆောင်ရွက်ကာ အဖွဲ့ဝင် ၃၂ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး လုပ်ငန်းဆပ်ကော်မတီ ၂၃ ခုကိုလည်း အခိုင်အမာဖွဲ့စည်း၍ စုပေါင်းလုပ်ဆောင်နိုင်မှုကြောင့် ယနေ့အချိန်တွင် ပြင်ဆင်မှုလုပ်ငန်းပမာဏ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မိုယ်းကျ(မြစ်ကြီးနား)**








# ပြည်သူပြည်သားများအတွက် ပိုမိုကောင်းမွန်ပြည့်စုံသော အနာဂတ်များပိုင်ဆိုင်ဖို့ ဖန်တီးပေးမည်

နေပြည်တော်  ဇန်နဝါရီ  ၄

**၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗိုလ်ရှုခံမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

အဆိုပါ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် မိဘပြည်သူအပေါင်း တို့ခင်ဗျား-**

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ညီမျှခြင်းတည်းဟူသော လောကပါလ တရားများကို အခြေပြုကာ ပြည်ထောင်စုတိုင်းရင်းသားအားလုံးတို့အတွက် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထာဝစဉ်ဆောင်ကြဉ်းပေးနိုင်ရန် သန္နိဋ္ဌာန်ချမှတ်လျက် သွေးကျွန်ဘဝမှ သွေးစည်းညီညွတ်စွာ မဆုတ်မနစ် တွန်းလှန်ခဲ့ပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် တည်ဆောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် မားမားမတ်မတ်တည်ရှိခဲ့သည်မှာ ယနေ့(၆၇)နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ပါတယ်။

ပထမဆုံး နှစ်ပတ်လည်လွတ်လပ်ရေးနေ့ဖြစ်တဲ့ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးအောင်ပွဲသဘင်ကို ရန်ကုန်မြို့တော် ခန်းမရှေ့ အထူးမဏ္ဍပ်ဆောင်မှာကျင်းပခဲ့ပြီး အဲဒီအချိန်က ပထမဆုံးသမ္မတကြီး စဝ်ရွှေသိုက်ကို ကြည်း၊ ရေ၊ လေ တပ်မတော်၊ စစ်ရဲ၊ ရန်ကုန်ရဲ၊ တပ်မတော်တီးဝိုင်းတို့က ရှေ့ဆောင်ပြီး ပြည်သူ့သူနာပြုတပ်နှင့် အပျော်တမ်းမီးသတ်အဖွဲ့များက ချီတက်အလေးပြုခဲ့ကြပါတယ်။ ဒါ့အပြင် လေတပ်မတော်မှ တိုက်လေယာဉ်များကလည်း ကောင်းကင်မှ ပျံဝဲအလေးပြုခဲ့ကြပါတယ်။ သမ္မတကြီး ဒေါက်တာဘဦးလက်ထက် ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ဆဋ္ဌမနှစ်ပတ်လည် လွတ်လပ်ရေးအောင်ပွဲသဘင် အခမ်းအနားမှစပြီး ပြည်လမ်းရှိ ဗိုလ်ရှုခံသဘင်ကြီး၌ ကျင်းပခဲ့ပါတယ်။ ၁၉၄၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ သမ္မတစဝ်ရွှေသိုက်၊ သမ္မတဒေါက်တာဘဦး၊ သမ္မတမန်းဝင်းမောင်တို့ သမ္မတအဆက်ဆက်လက်ထက် ပါလီမန်ဒီမိုကရေစီခေတ်တစ်လျှောက်လုံးမှာ လွတ်လပ်ရေးအောင်ပွဲကို ဗိုလ်ရှုခံသဘင်နဲ့ ခမ်းခမ်းနားနားကျင်းပခဲ့ကြပါတယ်။

၁၉၆၂ ခုနှစ်နောက်ပိုင်းမှစလို့ (၅၃)နှစ်ကြာသည့်တိုင်အောင် ကျင်းပနိုင်ခဲ့ခြင်းမရှိခဲ့တဲ့ ဗိုလ်ရှုခံသဘင်အခမ်းအနားကြီးကို ယခုမိမိတို့နိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်နေချိန်၌ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယမှာ ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေဖြင့် ခေတ်ဟောင်း၊ စနစ်ဟောင်းတစ်ခုမှ ခေတ်သစ်၊ စနစ်သစ်တစ်ခုဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုကို ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့က စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို အသွင်ကူးပြောင်းရေးလုပ်ငန်းများဆောင်ရွက်ရာမှာ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ ရည်မှန်းချက်က တစ်ခုပဲရှိပါတယ်။ အဲဒါကတော့ ပြည်သူတွေရဲ့ ဆန္ဒကိုဖြည့်ဆည်းပေးရေးပဲဖြစ်ပါတယ်။ ဒီကနေ့ သန်းငါးဆယ်ကျော် ပြည်သူတွေရဲ့ တူညီတဲ့ဆန္ဒက နှစ်ခုရှိပါတယ်။ အဲဒါကတော့ တည်ငြိမ်အေးချမ်းရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးမူဝါဒများရဲ့အခြေခံဟာ ပြည်သူတွေအတွက် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဒီမိုကရေစီ အနှစ်သာရများနဲ့အညီ ရရှိခံစားနိုင်ရေးပဲဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ စတင်ပြီး တစ်နှစ်ကျော်ကာလအတွင်းမှာပဲ အစိုးရ၊ လွှတ်တော်အသီးသီး၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ သက်ဆိုင်သူအသီးသီးရဲ့ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ညင်သာချောမွေ့စွာ ပြောင်းလဲနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

ဒါကြောင့်လည်း ယခုလို မြန်မာ့နိုင်ငံရေး ဖြစ်ထွန်းတိုးတက်မှုအပေါ် နိုင်ငံတကာက အသိအမှတ်ပြု ချီးကျူးခဲ့ကြတဲ့အတွက် နိုင်ငံနဲ့ လူမျိုးအတွက် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့ရပါတယ်။

အဲဒီလို ညင်သာချောမွေ့တဲ့ အသွင်ကူးပြောင်းရေးကာလအတွင်းမှာပဲ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အချိန်ယူပြီး တည်ဆောက်ခဲ့ရပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက် လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီလုပ်ငန်းများအနက် အချို့ ပြီးစီးသွားပြီဖြစ်သလို အချို့လုပ်ငန်းများကတော့ ဆက်လက်ဆောင်ရွက်ရဦးမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေအားလုံးဟာ ဒီမိုကရေစီစနစ်သစ်နဲ့ လိုက်လျောညီထွေရှိပြီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံပြုပြင်ပြောင်းလဲနိုင်အောင် လွှမ်းခြုံဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာလည်း ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းဆိုပြီး နိုင်ငံရဲ့ ပကတိအရှိတရားများကို အခြေခံလျက် လက်တွေ့ကျကျ စနစ်တကျ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ယခုဆိုရင် ပြုပြင်ပြောင်းလဲရေးရဲ့ တတိယလှိုင်းကို အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေး လှိုင်းအဆင့်ဆင့်မှာရရှိခဲ့တဲ့ အောင်မြင်မှုများရဲ့ အသီးအပွင့်များကိုလည်း ပြည်သူများ ရရှိခံစားနိုင်နေပြီဖြစ်ပါတယ်။ တတိယလှိုင်းအကောင်အထည်ဖော်မှု ကာလအတွင်းမှာလည်း ပြည်သူများအနေနဲ့ ပြုပြင်ပြောင်းလဲရေးရဲ့ အသီးအပွင့်များကို ပိုမိုလျင်မြန်စွာ ခံစားနိုင်ဖို့အတွက် အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းမှာ ပဋိပက္ခများနဲ့ အကျပ်အတည်းများကို အချိန်ကာလကြာမြင့်စွာ ဖြတ်သန်းခဲ့ရတဲ့အတွက် အခြားနိုင်ငံများထက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရတယ်ဆိုတာ ကျွန်တော်တို့အားလုံး သင်ခန်းစာရခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေး၊ အပစ်အခတ်ရပ်စဲရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းရေး၊ ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး၊ ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရေးဆိုတဲ့ အခြေခံမူများကို သဘောတူညီထားပြီးဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်မှသာလျှင် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ပျက်စီးမှုများကို လျှော့ချနိုင်ပြီး နှစ်ဖက်ကြား ထိပ်တိုက် ရင်ဆိုင်မှုနဲ့ ပစ်ခတ်မှုများကို ကာကွယ်နိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ မရှိမဖြစ် အရေးကြီးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ အထက်က ပြောခဲ့သလို အောင်မြင်မှုများရရှိခဲ့သလို ဆက်ပြီးရင်ဆိုင်ကျော်လွှားရမယ့် စိန်ခေါ်မှုများလည်း ရှိနေပါသေးတယ်။ လက်ရှိရရှိထားပြီးဖြစ်တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆက်လက်ရှင်သန်စေဖို့၊ ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာစေဖို့၊ ငြိမ်းချမ်းရေးဖြစ်စဉ်အဆင့်ဆင့်ကနေ နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာဖို့နဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ဖို့ဆိုတဲ့အချက်များဟာ ကျွန်တော်တို့ ကျော်လွှားရမယ့် စိန်ခေါ်မှုများပဲ ဖြစ်ပါတယ်။ အဲဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့အတွက် မိမိတို့နိုင်ငံ၊ မိမိတို့လူ့အဖွဲ့အစည်းနဲ့ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေများအပေါ်မူတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်သင့်ပြင်ထိုက်တာတွေကို ဥပဒေနဲ့အညီ ပြင်ဆင်သွားရမှာပဲဖြစ်ပါတယ်။

ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်လေးရပ်ထဲမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုက အရေးအကြီးဆုံးနဲ့ သိမ်မွေ့နက်နဲမှု အရှိဆုံးဖြစ်ပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းဖို့နဲ့ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုအတွက် နိုင်ငံရေးအခြေအနေများ တည်ငြိမ်စွာဖြစ်ထွန်းတိုးတက်ဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တစ်ချိန်တည်းနီးပါးစတင်ခဲ့တဲ့ နိုင်ငံအချို့မှာ ပြည်တွင်း ပဋိပက္ခများ၊ စစ်ပွဲများနဲ့ အတိဒုက္ခရောက်နေတာကို သင်ခန်းစာယူဖို့ လိုအပ်ပါတယ်။ ဒီလိုမဖြစ်စေဖို့အတွက် ကျွန်တော်တို့အားလုံး ပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ဒီကနေ့ ဒီနေရာမှာ ကျွန်တော်တို့အားလုံးစုဝေးပြီး ဗိုလ်ရှုသဘင်ဆင်ယင်ကျင်းပခြင်းဟာ နိုင်ငံ့လွတ်လပ်ရေးကို ရယူပေးခဲ့ကြတဲ့ ရရှိပြီးအချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးမသွားအောင် အကာအကွယ်ပေးခဲ့ကြတဲ့ သူရဲကောင်းများကို ဂုဏ်ပြုခြင်းဖြစ်သလို ဒီမိုကရေစီစနစ်ရဲ့ အမြစ်တွယ်ခိုင်မာလာမှုကိုလည်း သက်သေပြလိုက်တာလည်း ဖြစ်ပါတယ်။

နိုင်ငံ့လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ကြသော သူရဲကောင်းများဟာ နိုင်ငံရေး နောက်ခံ၊ အသိုင်းအဝိုင်း၊ လူမျိုးစုနဲ့ ကိုးကွယ်ယုံကြည်မှုများ မတူညီကြသော်လည်း နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးချမ်းသာအတွက် အသက်စွန့်ခဲ့သည်မှာ တူညီကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်းဟာ တိုင်းချစ်ပြည်ချစ်၊ နိုင်ငံချစ်စိတ်နဲ့ လွတ်လပ်ရေး အခွန့်ရှည်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ဝိုင်းဝန်းတည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရသစ် တာဝန်ယူခဲ့သော ကာလအတွင်း မမျှော်လင့်သည့် စိန်ခေါ်မှုများ၊ အခက်အခဲများ၊ အကျပ်အတည်းများကို ရင်ဆိုင်ခဲ့ရသော်လည်း မိမိတို့လမ်းကြောင်းပေါ်မှာ ခိုင်မာစွာရပ်တည်နိုင်ခဲ့ပါတယ်။ လွတ်လပ်တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှု၍ နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးစွာ နေထိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရှေ့သို့ဆက်လက်ပြီး ပြည်သူပြည်သားများအတွက် ပိုမိုကောင်းမွန်ပြည့်စုံသော အနာဂတ်များပိုင်ဆိုင်နိုင်ဖို့ ဖန်တီးပေးမည်ဟူသော သန္နိဋ္ဌာန်ဖြင့် လျှောက်လှမ်းမည်ဖြစ်ကြောင်းနဲ့ ပြည်ထောင်စုတိုင်းရင်းသားအပေါင်းကလည်း ပြည်ထောင်စုကြီးအကျိုးအတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းကူညီဆောင်ရွက်ရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်



**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သဘင်ဆောင်ခန်းမ၌ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ **(ယာပုံ)**က မိန့်ခွန်းပြောကြားရာ၌ ယနေ့သည် မိမိတို့မြန်မာနိုင်ငံအတွက် မမေ့အပ်သည့် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ နိုင်ငံတော်တည်ဆောက်ရာတွင် စီမံခန့်ခွဲရေးဆိုင်ရာ ဦးဆောင်မှုပေး၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ချစ်ကြည်ရေး တိုးတက်ဖြစ်ထွန်းစေရန် မဆုတ်မနစ် ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတော်အကျိုးအတွက် မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ကာကွယ်တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းဖြစ်သည့်၊ ထူးခြားလေးနက်သည့် နေ့တစ်နေ့ဖြစ်ပါကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းများကို ယခုကဲ့သို့ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်တွင် ပေးအပ်ချီးမြှင့်ခဲ့သည့် အစဉ်အလာရှိခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး ဆိုသည်မှာ တစ်ခဏတာအတွင်း ဆုံးရှုံးနိုင်သော်လည်း ပြန်လည်ရရှိရေးအတွက်မှာ နှစ်ပေါင်းရှည်ကြာစွာ ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရသော သမိုင်းအစဉ်အလာများကို မိမိတို့ကြုံတွေ့ဖြတ်သန်းရပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ (၆၇) နှစ်ရှိခဲ့ပြီး ရရှိပြီးသော လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် လွတ်လပ်သည့် နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းမှုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ရမည့်တာဝန်မှာ မိမိတို့မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှုတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရန် ရည်မှန်းချက်ထား၍ ဘက်စုံထောင့်စုံမှ တည်ဆောက်လျက်ရှိရာ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ကြသည့် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးကဲကောင်းမွန်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းများကို ယခုကဲ့သို့လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်တွင် ပေးအပ်ချီးမြှင့်သည့် အစဉ်အလာရှိခဲ့ပါကြောင်း။

နိုင်ငံတော်အတွက် ကြံ့ခိုင်သောစိတ်ဓာတ်၊ စံတင်ထိုက်သောစွမ်းရည်၊ ဂုဏ်ယူထိုက်သော စွန့်စားခြင်းမျိုးနှင့် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများကို ယခုကဲ့သို့ လွတ်လပ်ရေးနေ့ ချီးမြှင့်အပ်နှင်းခြင်း ဂုဏ်ပြုပွဲအခမ်းအနားကျင်းပပြီး ချီးမြှင့်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများအား အခမ်းအနားဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူ ပုဂ္ဂိုလ်များအား အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့်ခဲ့ခြင်းမရှိသဖြင့် ယခုနှစ်တွင် တစုတစည်းတည်း အပ်နှင်းချီးမြှင့်ခြင်းဖြစ်ပါကြောင်း။ ၂၀၁၄ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သည့် ပြည်ထောင်စုစည်သူ သင်္ဂဟဘွဲ့ဖြစ်သော သရေစည်သူဘွဲ့ရရှိသူတစ်ဦး၊ ၂၀၁၃ ခုနှစ်တွင် သူရဘွဲ့ရရှိသူ သုံးဦး၊ ၂၀၁၄ ခုနှစ်တွင် သီဟသူရဘွဲ့ရရှိသူ တစ်ဦးနှင့် သူရဘွဲ့ရရှိသူခြောက်ဦးတို့အား ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း။



ယခုရရှိသည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များသည် မိမိတို့ဖြတ်သန်းခဲ့ရသော ခက်ခဲကြမ်းတမ်းသည့်ဘဝကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့၏ စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်း ခံခဲ့ရသည့် သင်္ကေတအမှတ်အသား တစ်ခုဖြစ်ပါကြောင်း၊ မိမိတို့၏ ဘဝတစ်သက်တာအတွက်သာမက မိမိတို့သားစဉ်မြေးဆက်တိုင် ဂုဏ်ယူဖွယ်ရာဖြစ်သည့် အထိမ်းအမှတ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် မျိုးဆက်သစ်လူငယ်များအား တိုင်းပြည်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မထိပါးမဆုံးရှုံးရအောင် မိမိတို့ကဲ့သို့ ကာကွယ် စောင့်ရှောက်ကြရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းတည်ဆောက်ကြရန်

**စာမျက်နှာ ၅ ကော်လံ ၁ သို့◆**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူရဘွဲ့ရရှိသူ ပြန်တမ်းဝင်အမှတ်ကြည်း-၅၇၉၇၉ ဗိုလ်ကျော်ဇေယျ(ကျဆုံး)ကိုယ်စား မိခင် ဒေါ်ခင်ငွေဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူရဘွဲ့ရရှိသူ ပြန်တမ်းဝင်အမှတ်ကြည်း-၅၉၅၁၆ ဗိုလ်သန့်ဇင်ဦး(ကျဆုံး)ကိုယ်စား ဖခင် ဦးကျော်ငွေအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူရဘွဲ့ရရှိသူ ကိုယ်ပိုင်အမှတ်-၅၀၉၅၆၉ တပ်ကြပ်ကြီးသန်းနွဲ့(ကျဆုံး)ကိုယ်စား ဇနီး ဒေါ်ခင်စိန်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ

◆ **စာမျက်နှာ ၄ မှ**

တိုက်တွန်းအားပေးသည့် လှုံ့ဆော်မှု တစ်ရပ်လည်းဖြစ်စေပါကြောင်း။

ဆက်လက်၍ အသိပေးပြောကြားလိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် နေထိုင်ကြသော အသက်(၁၀၀)နှစ်နှင့်အထက် သက်ကြီးဝါကြီး၊ အဘိုးအဘွားများဖြစ်သည့် အဘိုး ၁၆၉ ဦး၊ အဘွား ၄၀၀ စုစုပေါင်း ၅၆၉ ဦးတို့ကိုလည်း ယနေ့မှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံ သက်ကြီး ဝါကြီး ပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြုဂုဏ်ပြု မှတ်တမ်းလွှာနှင့်အတူ မိမိတို့ပြည်ထောင်စုအစိုးရအဖွဲ့မှ သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများရရှိသည့် လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၏ ၂၅ ရာခိုင်နှုန်း စုဆောင်းထားရှိသော ရန်ပုံငွေထဲမှ အထောက်အပံ့အဖြစ် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီ ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းလည်းဖြစ်ပါကြောင်း၊ မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသကဲ့သို့ ဆက်လက်၍ နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏သားစဉ်မြေးဆက်များကိုပါ မိမိတို့ကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၄ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော သရေစည်သူဘွဲ့ရရှိသူတစ်ဦး၊ ၂၀၁၃ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော သူရဘွဲ့ရရှိသူသုံးဦး၊ ၂၀၁၄ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော သီဟသူရဘွဲ့ရရှိသူတစ်ဦးနှင့် သူရဘွဲ့ရရှိသူ ခြောက်ဦးတို့အား နိုင်ငံတော်သမ္မတက ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခဲ့သည်။

ထိုသို့ ဂုဏ်ထူးဆောင်ဘွဲ့များအား ချီးမြှင့်ရာ၌ ပြည်ထောင်စုစည်သူ သင်္ဂဟဘွဲ့နှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော သရေစည်သူဘွဲ့ရရှိသူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လက်ခံရယူသည်။

အလားတူ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့များနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သည့် သူရဘွဲ့ရရှိသူ ပြန်တမ်းဝင်အမှတ် ကြည်း-၅၇၉၇၉ ဗိုလ်ကျော်ဇေယျ(ကျဆုံး)ကိုယ်စား မိခင်ဒေါ်ခင်ဌေးဝင်းကလည်းကောင်း၊ သူရဘွဲ့ရရှိသူ ပြန်တမ်းဝင်အမှတ် ကြည်း-၅၉၅၁၆ ဗိုလ်သန့်ဇင်ဦး(ကျဆုံး)ကိုယ်စား ဖခင်ဦးကျော်ငွေကလည်းကောင်း၊ သူရဘွဲ့ရရှိသူ ကိုယ်ပိုင်အမှတ်-၅၀၉၅၆၉ တပ်ကြပ်ကြီး သန်းနွဲ့(ကျဆုံး)ကိုယ်စား ဇနီးဒေါ်ခင်စိန်ကလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သည့် သီဟသူရဘွဲ့ရရှိသူ ကိုယ်ပိုင်အမှတ်-၈၃၉၁၂၈ တပ်ကြပ်အောင်သိမ်း(ကျဆုံး)ကိုယ်စား ဇနီးဒေါ်မိုးမိုးစံကလည်းကောင်း၊ သူရဘွဲ့ရရှိသူ ပြန်တမ်းဝင်အမှတ် လေ-၂၂၇၅ ဒုတိယဗိုလ်မှူးကြီး အောင်အောင်ကလည်းကောင်း၊ သူရဘွဲ့ရရှိသူ ပြန်တမ်းဝင်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သရေစည်သူဘွဲ့ရရှိသူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။**

(သတင်းစဉ်)




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီဟသူရဘွဲ့ရရှိသူ ကိုယ်ပိုင်အမှတ်-၈၃၉၁၂၈ တပ်ကြပ်အောင်သိမ်း(ကျဆုံး)ကိုယ်စား ဇနီးဒေါ်မိုးမိုးစံအား ဂုဏ်ထူးဆောင် ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။**

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူရဘွဲ့ရရှိသူ ပြန်တမ်းဝင်အမှတ် လေ-၂၂၇၅ ဒုတိယဗိုလ်မှူးကြီး အောင်အောင်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။**

(သတင်းစဉ်)



အမှတ် လေ-၂၅၂၅ ဒုတိယဗိုလ်မှူးကြီး ဖြိုးဦးငြိမ်း(ကျဆုံး)ကိုယ်စား ဇနီးဒေါ်သီဂီရွှေစင်ဝင်းကလည်းကောင်း၊ သူရဘွဲ့ရရှိသူ ကိုယ်ပိုင်အမှတ်-၆၆၀၉၂၇ တပ်ကြပ်ကြီး သက်ဦး(ကျဆုံး)ကိုယ်စား ဇနီးဒေါ်အေးအေးမာကလည်းကောင်း၊ သူရဘွဲ့ရရှိသူ ကိုယ်ပိုင်အမှတ် -၈၁၂၁၅၈ တပ်ကြပ်မောင်ဖြူ (ကျဆုံး)ကိုယ်စား ဇနီး ဒေါ်မြင့်မြင့်အေးက လည်းကောင်း၊ သူရဘွဲ့ရရှိသူ ကိုယ်ပိုင်အမှတ်-၈၇၇၃၆၄ တပ်ကြပ်ကြီး သန်းဌေးအောင်ကလည်းကောင်း၊ သူရဘွဲ့ရှိသူ ကိုယ်ပိုင်အမှတ် တ-၃၅၉၂၁၆ ဒုတပ်ကြပ် ရန်နိုင်လင်း(ကျဆုံး)ကိုယ်စား ဇနီးဒေါ်သင်းသင်းကလည်းကောင်း လက်ခံရယူခဲ့ကြသည်။

အခမ်းအနားအပြီး၌ နိုင်ငံတော်သမ္မတသည် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး **(အပေါ်ပုံ)** ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး၊ ဒုတိယသမ္မတများနှင့် ဇနီးများ၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

☆ **ကျောဖုံးမှ**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညှော့ခံပွဲနှင့် ညစာစားပွဲတွင် မီးရှူးမီးပန်းများပစ်ဖောက်ဂုဏ်ပြုပြီး ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပျော်ပွဲ ရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

(၆၇)နှစ် မြောက် လွတ်လပ်ရေးနေ့ အောင်ပွဲသဘင်ကို နေပြည်တော် တစ်ဝန်းလုံး၌ ယနေ့တွင် ကျင်းပကြသည်။

ထိုသို့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဝန်ကြီးဌာနများမှ ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာမြို့နယ်/ရပ်ကွက်အတွင်းရှိ ကျောင်းများ၊ အားကစားကွင်းများ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့အတူ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ၌လည်း စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။

ထို့အတူ နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့်ရေပန်းဥယျာဉ် စသည့်နေရာများတွင်လည်း မိသားစုအလိုက်၊ အသင်းအဖွဲ့အလိုက် လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(၆၇)နှစ်မြောက် လွတ်လပ်ရေးအကြိုညဖြစ်သည့် ယမန်နေ့ညတွင်လည်း နေပြည်တော်ရှိ ဝန်ကြီးရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်း အဝိုင်း၊ ကံ့ကော်ပန်း အဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာကျောက်စိမ်းခန်းမနှင့်ကျောက်စိမ်းဥယျာဉ်တို့၌ ရောင်စုံမီးအလှများကို ထွန်းညှိ၍ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြသည်။


**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel


**၅-၁-၂၀၁၅(တနင်္လာနေ့)**

၆း၀၀ အဖွင့်
-လွင်မိုးခရီးသွားနေသည် (ချင်းပြည်နယ်) (အပိုင်း-၄)
၆း၃၀ အလင်္ကာကျော်စွာမြို့မငြိမ်းနှင့် နှစ်(၁၀၀)ပြည့်ဂုဏ်ပြုတေးများ (အပိုင်း-၂)
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ဒဏ္ဍာရီထဲကတေးကဗျာ” (အပိုင်း-၃)
၇း၂၀ ဝတ်စားဆင်ယင်မှုပြပွဲ
၇း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်” (အပိုင်း-၅)
၈း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်” (အပိုင်း-၆)
၉း၁၀ တေးဂီတအစီအစဉ် (စတီရီယို)
၉း၂၅ ပြည်သူ့နီတိ “အပိုအလုပ်တွေ”
၉း၄၅ ASEAN China Cultural
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း “အသံမထွက်အက္ခရာ” (လွင်မိုး၊ နန္ဒာလှိုင်) (ဒါရိုက်တာ-မောင်သီ)












# နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်း စုဆောင်း၍ အသက်(၁၀၀)နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၄**

ပြောင်းလဲလာသည့်ခေတ်သစ်စနစ်သစ်နှင့်အညီ ၂၀၁၂ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေးညီလာခံတွင် နိုင်ငံတော်သမ္မတက အားလုံးပါဝင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ်ပေါ်ထွက်လာစေရန် လမ်းညွှန်မှုပြုခဲ့သည်။

ထို့အပြင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသည့် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် နေပြည်တော်သဘောတူညီချက်အရ ထွက်ပေါ်လာသည့်လုပ်ငန်းအဖွဲ့များအနက် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းအဖွဲ့ ပါဝင်ခဲ့ပြီး လုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ ဆက်စပ်လျက်ရှိသော ဝန်ကြီးဌာနများ၊ INGO၊ NGO များဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

နည်းပညာအထောက်အကူအဖွဲ့၏ ပံ့ပိုးကူညီမှုများနှင့် ဒီဇင်ဘာ ၃၀ ရက်တွင် မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို မိတ်ဆက်ဖြန့်ချိခဲ့ပြီး စီမံချက်တွင် လုပ်ငန်းစဉ်(၈)ရပ် ပါဝင်သည်။ လုပ်ငန်းစဉ်များအနေဖြင့် (၁)ကိုယ်ဝန်ဆောင်မိခင်နှင့်အသက်နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ခြင်း၊ (၂)မသန်စွမ်းသူများအား ထောက်ပံ့ပေးခြင်း၊ (၃)အသက်သုံးနှစ်မှ (၁၅)နှစ်အထိ ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ (၄)သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်း၊ (၅)ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း၊ (၆)အများပြည်သူအလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပေးခြင်း၊ (၇)သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များအား ထောက်ပံ့ကူညီခြင်းနှင့် (၈)ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်းတို့ဖြစ်သည်။

အဓိက လုပ်ငန်းစဉ် (၈)ရပ်တွင် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ပါဝင်သည်။ ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်းတို့ ပါဝင်ပြီး အဆိုပါ အချက်များနှင့်အညီ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သည့် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အောင်ပွဲအထိမ်းအမှတ်အနေဖြင့် တစ်နိုင်ငံလုံးတွင်ရှိသည့် အသက်(၁၀၀)နှင့်အထက် အဘိုး ၁၆၉ ဦး၊ အဘွား ၄၀၀ တို့ကို နိုင်ငံတော်၏ သက်ကြီးဝါကြီးဂုဏ်ပြုခံ ပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်း စုဆောင်းထားရှိသော ရန်ပုံငွေမှ ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ ဂုဏ်ပြုလွှာများနှင့် အထောက်အပံ့များကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့မှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်၌ကျင်းပသည့် ၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားခဲ့ရာတွင်လည်း **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နေထိုင်ကြသော အသက် (၁၀၀) နှစ်နှင့်အထက် သက်ကြီးဝါကြီး အဘိုးအဘွားများဖြစ်သည့် အဘိုး ၁၆၉ ဦး၊ အဘွား ၄၀၀ စုစု ပေါင်း ၅၆၉ ဦးတို့ကို ယနေ့မှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံသက်ကြီးဝါကြီးပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြုဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများရရှိသည့်လစဉ် ချီးမြှင့်ထောက်ပံ့ငွေ၏ ၂၅ ရာခိုင်နှုန်း စုဆောင်းထားရှိသော ရန်ပုံငွေထဲမှ အထောက်အပံ့အဖြစ် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီ ပေးအပ်သွားမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်း ပြောကြားသည်။**

နောင်နှစ်များတွင်လည်း အဘိုးအဘွားများ အသက် (၁၀၀) ပြည့်မြောက်လျှင် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ သတင်းပေးပို့အကြောင်းကြားပါက နိုင်ငံတော်သမ္မတအနေဖြင့် ဆက်လက်ပံ့ပိုးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ပါမောက္ခ ဒေါက်တာ ဒေါ်မာမာဝင်း | ပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| (၂) ဦးသူရိန်ဝင်း | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့မီးရထား ရထားပို့ဆောင်ရေးဝန်ကြီးဌာန |

# မြန်မာနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။**

**ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ဂျိုဝါချင်ဂေါက်ခ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ကျွန်ုပ်နှင့်ဂျာမန်ပြည်သူများက အဆွေတော်နှင့်မြန်မာနိုင်ငံပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာ-ဂျာမနီ သံတမန်ဆက်သွယ်မှု နှစ် (၆၀) ပြည့်မြောက်ချိန်တွင် ကျွန်ုပ်၏မြန်မာနိုင်ငံခရီးစဉ်နှင့် အဆွေတော်၏ ဂျာမနီနိုင်ငံခရီးစဉ်တို့သည် နှစ်နိုင်ငံအကြားဆက်သွယ်မှုကို ပိုမိုနက်ရှိုင်းစေရန် အထောက်အကူပြုခဲ့သည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်မိပါကြောင်း၊ အဆွေတော်၏သာယာလှပသောမြန်မာနိုင်ငံသို့ ကျွန်ုပ်လာရောက်ခဲ့စဉ်အတွင်း ကျွန်ုပ်အားရင်းနှီးဖော်ရွေစွာ ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ၊ အထူးသဖြင့် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံရွေးကောက်ပွဲများကို ဂျာမနီနိုင်ငံမှ စိတ်ဝင်စားစွာ လေ့လာလျက်ရှိပါကြောင်းနှင့် အပြန်အလှန် အကျိုးစီးပွားအတွက် ဆက်လက်ဖွံ့ဖြိုးတိုးတက်လိမ့်မည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ဖော်ပြထားသည်။

**ကမ္ဘောဒီးယားနိုင်ငံ**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်၏ သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘောဒီးယားပြည်သူများကိုယ်စား အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်လာပြီး နှစ်နိုင်ငံပြည်သူများအတွက်သာမက အာဆီယံအသိုက်အဝန်းအတွက်ပါ အပြန်အလှန်တိုးတက်မှုများရရှိလာမည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ပြီး အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့သလို ၂၀၁၅ခုနှစ် အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် မူဝါဒများချမှတ်ပေးနိုင်ခဲ့မှုအတွက် မိမိအနေဖြင့်အသိအမှတ်ပြု ဂုဏ်ယူပါကြောင်း၊ အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် မြန်မာပြည်သူများအကျိုးစီးပွားအတွက် ဆတက်ထမ်းပိုး အောင်မြင်စွာဆောင်ရွက်နိုင်ပါစေကြောင်း မိမိအနေဖြင့် ဆုတောင်းမေတ္တာပို့သပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

**ဆော်ဒီအာရေဗျနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် အဆွေတော်သမ္မတကြီးထံသို့ ဆော်ဒီအာရေဗျပြည်သူများနှင့် အစိုးရကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာအစိုးရနှင့် ပြည်သူများ ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် ပိုမိုကြွယ်ဝတိုးတက်ပါစေကြောင်း ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာဘင် အဗ္ဗဒ်(လ်)အဇစ် အယ်လ်ဆာအု(ဒ်)က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဆဲလ်မန်ဘင် အဗ္ဗဒ်(လ်)အဇစ် အယ်လ်ဆာအု(ဒ်)ကလည်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**အိုင်ယာလန်နိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အိုင်ယာလန်နိုင်ငံ သမ္မတ မိုက်ကယ်ဒ်ဟစ်ဂင်(စ်)မှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်သမ္မတကြီးထံသို့ ကျွန်ုပ်နှင့် အိုင်ယာလန်ပြည်သူများမှ ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်းနှင့် မြန်မာပြည်သူများ ဝမ်းမြောက်ပျော်ရွှင်ပါစေရန်နှင့် သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြထားသည်။

ဆက်လက်ဖော်ပြပါမည်»»

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပခဲ့သည်။

ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲသို့ အထက(၉)မှ ကျောင်းသားကျောင်းသူများနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်မိသားစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး အားကစားနည်း ကိုးမျိုးတွင် လူပေါင်း ၁၆၀ ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိသူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားတွင် စစ်ကြောင်းများအား မော်တော်ယာဉ်ဖြင့် စစ်ဆေးစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌနှင့် ဇနီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အငြိမ်းစားဗိုလ်ချုပ်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့များမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၂ ဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဝန်ထမ်းများ တက်ရောက်ကြသည်။

နံနက် ၄ နာရီ မိနစ် ၂၀ တွင် အလံတင်အခမ်းအနားကို ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး တိုင်းရင်းသား တိုင်းရင်းသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကိုအလေးပြုကြသည်။

နံနက် ၆ နာရီတွင် နိုင်ငံတော်သမ္မတအား အလေးပြုကြမည့် စစ်ကြောင်းများက ဗိုလ်ရှုခံအခမ်းအနားကျင်းပမည့် ဥပစာသို့ ချီတက်နေရာယူကြသည်။

ထိုအချိန်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင်များက သမိုင်းတစ်ခေတ် ပြန်လည်ထင်ဟပ်စေမည့် ဇာတိသွေး၊ ဇာတိမာန်တက်ကြွဖွယ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဗိုလ်ရှုခံမဏ္ဍပ်သို့ ရောက်ရှိလာပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စစ်ကြောင်းများအား မော်တော်ယာဉ်ဖြင့် စစ်ဆေးရာ အမြောက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့✳**



၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)





**✳စာမျက်နှာ ၈ မှ**
တပ်ဖွဲ့က အမြောက် (၂၁)ချက် ပစ်ဖောက်ပြီး ဂုဏ်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ စစ်ကြောင်းများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ ကျဆုံးလေပြီးသည့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြုပြီး အောက်မေ့ သတိရသောအားဖြင့် နှစ်မိနစ်ကြာ ငြိမ်သက်ဂါရဝပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မဦးသိန်းစိန်က ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် စစ်ကြောင်းများက သစ္စာအဓိဋ္ဌာန်လေးချက်ကို အဓိဋ္ဌာန်ပြုရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်ပိုခေါင်းဆောင်သော အလံတော်အဖွဲ့၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကိုယ်စားပြု အလံအဖွဲ့များနှင့် စစ်ကြောင်းများ၊ ကင်းထောက်လူငယ် အမျိုးသား၊ အမျိုးသမီး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အမျိုးသား၊ အမျိုးသမီးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လူငယ်(အမျိုးသမီး) (ပန်းပွား) ကိုယ်စားပြုတပ်ခွဲ၊ နေပြည်တော်ကောင်စီနယ်မြေ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကချင်ပြည်နယ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်မတော်(ကြည်း) (အမျိုးသမီး)ကိုယ်စားပြုတပ်ခွဲ၊ ကယားပြည်နယ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကရင်ပြည်နယ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ချင်းပြည်နယ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မကွေးတိုင်းဒေသကြီး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မွန်ပြည်နယ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ရခိုင်ပြည်နယ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်မတော်အမြောက်တပ်ဖွဲ့ စစ်ကြောင်း၊ သံချပ်ကာနှင့် ယန္တရားတပ်ဖွဲ့ စစ်ကြောင်း၊ လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့စစ်ကြောင်းများက အစဉ်အတိုင်း စနစ်တကျ ချီတက်အလေးပြုကြသည်။

ထိုသို့ စစ်ကြောင်းအသီးသီးက နိုင်ငံတော်သမ္မတအား ချီတက်အလေးပြုနေစဉ်အတွင်း ဝေဟင်ထက်၌ တပ်မတော်(လေ)ကလည်း နိုင်ငံတော်သမ္မတအား သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်လေးစီးနှင့် တိုက်ခိုက်ရေး ရဟတ်ယာဉ်နှစ်စင်း ပါဝင်သည့် ကြိုးကြာအုပ်ဖွဲ့က နိုင်ငံတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများ အသီးသီးချိတ်ဆွဲပြီး ပျံသန်းအလေးပြုခြင်း၊ အမောင်းသင်လေယာဉ်ငါးစင်းပါဝင်သည့် ရန်နိုင်အုပ်ဖွဲ့က Arrow Head ခေါ် မြားဦးသဏ္ဌာန်ဖြင့် အုပ်ဖွဲ့ပျံသန်းအလေးပြုခြင်း၊ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းကို အလတ်စား သယ်ယူပို့ဆောင်ရေး လေယာဉ်နှစ်စင်းတို့က ခြံရံလိုက်ပါပျံသန်းသည့် ရန်အောင်အုပ်ဖွဲ့က Composite Formation ခေါ် အမျိုးအစား မတူညီသည့် လေယာဉ်များက အုပ်ဖွဲ့သရုပ်ပြ ပျံသန်းအလေး ပြုခြင်း၊ ရဲမာန်အုပ်ဖွဲ့ဖြစ်သည့် တိုက်ခိုက်ရေး ဂျက်လေယာဉ်ငါးစင်းတို့က Arrow Head ခေါ် မြားဦးသဏ္ဌာန်အုပ်ဖွဲ့ပျံသန်းအလေးပြုခြင်း၊ သူရိန်အုပ်ဖွဲ့ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်ငါစင်းတို့ကလည်း Arrow Head ခေါ် မြားဦးသဏ္ဌာန်အုပ်ဖွဲ့ပျံသန်းအလေးပြုခြင်း၊ ဘက်စုံသုံးတိုက်ခိုက်ရေး လေယာဉ်ငါးစင်းပါဝင်သည့် ရာဇာအုပ်ဖွဲ့က Arrow Head ခေါ် မြားဦးသဏ္ဌာန်အုပ်ဖွဲ့ပျံသန်းအလေးပြုခြင်း၊ ရဲမာန်အုပ်ဖွဲ့ ဂျက်တိုက်ခိုက်ရေးလေယာဉ်ငါးစင်းတို့က အရောင်စုံမီးခိုးများပစ်လွှတ်၍ Fan Break ခေါ် ယပ်တောင်ပုံစံ ခွဲထွက်၍ သရုပ်ပြပျံသန်း အလေးပြုခြင်းနှင့် ရာဇာအုပ်စု ဘက်စုံသုံး တိုက်ခိုက်ရေးလေယာဉ်ငါးစင်းတို့က Flare ခေါ် မီးရှူးများ ပစ်လွှတ်ပြီး Fan Break ခေါ် ယပ်တောင်ပုံစံခွဲထွက်ပျံသန်း အလေးပြုခြင်းစသည့် လေကြောင်းစုဖွဲ့ပျံသန်းမှုများဖြင့် ပုံဖော်ပျံသန်းအလေးပြုကြသည်။



၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)





၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားတွင် ချီတက်လာသောစစ်ကြောင်းများ ကို တွေ့ရစဉ်။ (သတင်းစဉ်)



ယခု ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ်ထိန်းသိမ်းကာကွယ်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊ လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့်၊ စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံသစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဟူသည့် ဦးတည်ချက်လေးရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**

# ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

**နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသောအာမခံချက်သည် ရှိသေခဲ့ညားလောက်သည့် ကာကွယ်ရေးစွမ်းအားစု တည်ဆောက်ပိုင်ဆိုင်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် မိမိအသက်ကို စွန့်လွှတ်နိုင်သည်အထိ သူရသတ္တိများဖြင့် ပြည့်စုံခြင်းသည် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်များ၏ စိတ်ထားဖြစ်သကဲ့သို့ ကာကွယ်ရေးစွမ်းအားစုအတွက် ကြီးစွာသောအထောက်အပံ့လည်းဖြစ်**ကြောင်း၊ မိမိတို့တပ်မတော်သည် ထိုကဲ့သို့ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်များနှင့် တည်ဆောက်ထားသည့် တပ်မတော်ဖြစ်ကြောင်း သမိုင်းအစဉ်အလာများ၊ နှစ်စဉ် ယခုကဲ့သို့ ဂုဏ်ပြုကျင်းပပေးနေသည့် အခမ်းအနားများအရ သိနိုင်မည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသော ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် တပ်မတော်စွမ်းရည် သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ/စစ်သည်များနှင့် အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ရာတွင် ကိုယ်ကျိုးမဖက်ဘဲ ငါ့နိုင်ငံတော်၊ ငါ့တပ်မတော်၊ ငါ့ပြည်သူများအတွက် ဆိုသည့် မွန်မြတ်လေးနက်သည့် ခံယူချက်စိတ်ထားနှင့် သက်စွန့်ဆံဖျား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သူများကို တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ဖြစ်ကြောင်း။

အမိနိုင်ငံတော်၏ ပိုင်နက်နယ်မြေ၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် နိုင်ငံသူနိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ကာကွယ်စောင့်ရှောက်ကြရမည့် တာဝန်ဝတ္တရားသည် နိုင်ငံသားတိုင်းနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ အသက်ခန္ဓာပေးဆပ်နှင်းပြီး အာဇာနည်စိတ်ထားနှင့် ကာကွယ်စောင့်ရှောက်ကြခြင်းသည် လူသားတိုင်း၊ နိုင်ငံတိုင်းက လေးစားဂုဏ်ယူကြရသည့် အမွန်မြတ်ဆုံး စွမ်းဆောင်ရည်တစ်မျိုး ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်မှုနှင့်ပတ်သက်လာလျှင် တပ်မတော်သည် ရယူလိုမှုအနည်းဆုံးနှင့် ပေးဆပ်နိုင်မှုအမြင့်မားဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း။

မိမိတို့ တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်သည့်နေရာတွင် တပ်မတော်သားတိုင်း နေ့စဉ်ရွတ်ဆိုနေကျဖြစ်သည့် သစ္စာအမိဋ္ဌာန် လေးချက်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ **"စွန့်လွှတ်စွန့်စားသော တပ်မတော်ဖြစ်သည်"ဆိုသည့် သမိုင်းစဉ်ဆက် လက်ဆင့်ကမ်းခိုင်မြဲစေခဲ့သည့် တပ်မတော်၏အစဉ်အလာကို အမွန်မြတ်ဆုံးသော ပေးဆပ်မှုများနှင့် သက်သေပြခဲ့သည့် ရဲဘော်တို့၏ မွန်မြတ်သန့်စင်သည့် စိတ်ဓာတ်များကို ဂုဏ်ပြုထိုက်သူများအဖြစ်** ဂုဏ်ပြုလိုပါကြောင်း။

**လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်သကဲ့သို့ အမြဲတေရတနာများလည်းဖြစ်ကြောင်း၊ အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိစ္စများအတွက် ရဲစွမ်းသတ္တိရှိရှိ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခြင်းသည် နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြု၊ ဘာသာသာသနာအကျိုးပြုလုပ်ငန်းများကို အသက်စွန့်လျှုဆောင်ရွက်ခြင်းဖြစ်သောကြောင့် ဇီဝိတဒါနမြောက်သည့်အတွက် "ရဲသော်မသေ သေသော်ငရဲမလား"ဟူသည့် အဆိုအမိန့်တစ်ရပ်ဖြစ်ထွန်း**ပေါ်ပေါက်လာခဲ့ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် "တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။ **နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"** ဟု ပြဋ္ဌာန်းထားကြောင်း၊ **နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဦးစီးဦးဆောင်ပြုလုပ်ရမည့် မိမိတို့တပ်မတော်တွင် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့်၊ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံသည့်စစ်သည်များ လိုအပ်ကြောင်း၊ မိမိတို့ တပ်မတော်သားများ၏ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူအပေါ်မှာ ထားရှိသည့် စွန့်လွှတ်စွန့်စားသည့် "အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်"ကို လွတ်လပ်ရေးနေ့အခါသမယများတွင် ယခုကဲ့သို့ နှစ်စဉ်အမြဲ ချီးမြှင့်အပ်နှင်း ဂုဏ်ပြုပေးနေမည်ဖြစ်**ကြောင်း။



နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် ထက်သန်ပြောင်မြောက်စွာ သက်စွန့်ကြိုးပမ်းထမ်းဆောင်သူများသည် ပြည့်စုံမွန်မြတ်သည့် မှတ်တမ်းကောင်းချန်ရစ်သူ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တွေဖြစ်သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူများက သားကောင်းဇာနည်များအဖြစ် မှတ်တမ်းတင်ပြီး အမြဲတမ်းအမှတ်ရ ဂုဏ်ယူနေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူများဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီးခွန်နေထွန်းဦးအား လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးခင်ထွန်းအောင်ကိုယ်စား ဇနီး ဒေါ်ဆွေဆွေဝင်းအား လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးကျော်စွာထွန်းအား လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး ခွန်စိုင်းကိုအား လည်းကောင်း၊ ဗိုလ်မှူးစိုးမင်းအောင်အား လည်းကောင်း၊ ဗိုလ်မှူးအောင်မြင့်ဦးအား လည်းကောင်း၊ ဗိုလ်မှူးကျော်စွာထွန်းအား လည်းကောင်း၊ ဗိုလ်မှူးကျော်စွာအေးကိုယ်စား ဇနီး ဒေါ်သန္တာထွန်းအား လည်းကောင်း၊ ဗိုလ်မှူးဝေမောင်ဦးအား လည်းကောင်း၊ ဗိုလ်မှူးဝေမိုးအောင်အား လည်းကောင်း၊ ဗိုလ်မှူးအောင်ကျော်စိုးအား လည်းကောင်း၊ ဗိုလ်မှူးကျော်ဆန်းအား လည်းကောင်း၊ ဗိုလ်ကြီးအောင်ပြည့်ဖြိုးငြိမ်းအား လည်းကောင်း၊ ဗိုလ်ကြီး ဝေယံဦးအားလည်းကောင်း၊ ဗိုလ်ကြီးရဲထွဋ်ကိုယ်စား ဖခင် ဦးသန်းဝင်းအား လည်းကောင်း၊ ဗိုလ်ကြီးအောင်ကိုကိုနိုင်အား လည်းကောင်း၊ ဗိုလ်ကြီးစသန်းထိုက်အောင်အား လည်းကောင်း ဗိုလ်ကြီးရဲနိုင်ဦးအားလည်းကောင်း၊ ဗိုလ်ကြီးထက်ညီဟိန်းအားလည်းကောင်း၊ ဗိုလ်လွှင်ကိုကိုကိုယ်စား မိခင် ဒေါ်မာလာနွယ်အားလည်းကောင်း၊ ဒုတိယအရာခံဗိုလ်ဌေးဝင်းအားလည်းကောင်း၊ ဒုတိယအရာခံဗိုလ် နိုက်ခန့်ခွာလ်ကိုယ်စား ဇနီးဒေါ်ခင်မြင့်ရွှေအား လည်းကောင်း၊ ဒုတိယအရာခံဗိုလ်ထားနီအား လည်းကောင်း၊ ဒုတိယအရာခံဗိုလ် အောင်ဆန်းဝင်းကိုယ်စား ဇနီး ဒေါ်အောင်မေကြည်အား လည်းကောင်း၊ တပ်ကြပ်ကြီးလှဝင်းကျော်ကိုယ်စား ဇနီးဒေါ်စိမ့်စိမ့်မူအား လည်းကောင်း၊ တပ်ကြပ်ကြီးနိုင်ဝင်းအား လည်းကောင်း၊ တပ်ကြပ်မင်းမင်းအား လည်းကောင်း၊ ဒုတိယတပ်ကြပ်သိန်းလင်းကိုယ်စား ဇနီး ဒေါ်နီလာအေးအား လည်းကောင်း၊ ဒုတိယတပ်ကြပ်နိုင်လင်းထွန်းကိုယ်စား ဇနီး ဒေါ်တင်တင်ညိုအား လည်းကောင်း၊ ဒုတိယတပ်ကြပ်ဇော်မျိုးအောင်ကိုယ်စား ဖခင် ဦးခင်စိုးအား လည်းကောင်း၊ ဒုတိယတပ်ကြပ် စိုးမင်းထွန်းအားလည်းကောင်း၊ ဒုတိယတပ်ကြပ် သက်ဖြိုးကျော်ကိုယ်စား ဇနီးဒေါ်ဖြူဖြူဝင်းအားလည်းကောင်း၊ ဒုတိယတပ်ကြပ်အောင်သန်းဇော်ကိုယ်စား အစ်ကို ဦးဇော်လင်းအား လည်းကောင်း၊ ဒုတိယတပ်ကြပ်အောင်ကိုထွန်းကိုယ်စား ဇနီး ဒေါ်မေနှင်းဖြူအား လည်းကောင်း၊ ဒုတိယတပ်ကြပ်မိုးကျော်သူကိုယ်စား ဇနီး ဒေါ်သန်းသန်းနွယ်အား လည်းကောင်း၊ ဒုတိယတပ်ကြပ်ဖြိုးလေးအားလည်းကောင်း၊ ဒုတိယတပ်ကြပ် ဇော်ဇော်ကိုယ်စား မိခင်ဒေါ်အုန်းမြင့်အားလည်းကောင်း၊ ဒုတိယတပ်ကြပ် ဝေယံကိုယ်စား ဖခင် ဦးမြရွှေအားလည်းကောင်း သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်နှင့် လက်မှတ်များပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၆ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၂၉ ဦးတို့အား သူရဲကောင်းလက်မှတ်နှင့် ဂုဏ်ထူးဆောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ/စစ်သည်များနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များချီးမြှင့်ခြင်းခံရသူများနှင့် အခမ်းအနားတက်ရောက်လာကြသူများအား ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံစဉ် မြဝတီတေးဂီတအဖွဲ့မှ လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ ကျန်ရှိသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၄၆ ဦး၊ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၁၈၅ ဦးတို့ကိုလည်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများက တစ်ချိန်တည်းတစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

## ကမ္ဘာ့ရွှေဈေးကွက် လှုပ်ခတ်လာနေသော်လည်း မြန်မာ့ရွှေဈေးကွက်ဆက်လက်တည်ငြိမ်ရန် အခြေအနေရှိဟုဆို

**ရန်ကုန် ဇန်နဝါရီ ၄**

ရွှေဈေးကွက်အတွင်းတွင် ယခုအခါ ကမ္ဘာ့ရွှေဈေးကွက်မှာ အတက်/အကျအပြောင်းအလဲများဖြင့် လှုပ်ခတ်မှုရှိနေသော်လည်း မြန်မာ့ရွှေဈေးကွက်အခြေအနေမှာ တည်ငြိမ်မှုများဖြင့်သာ ဆက်လက်တည်ရှိနေရန် အခြေအနေများရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။

လွန်ခဲ့သော ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းကာလများနှင့် ယခု ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းကာလများအတွင်းတွင် ကမ္ဘာ့ရွှေဈေးနှုန်းများအတက်/အကျပြောင်းလဲမှုများရှိခဲ့သော်လည်း မြန်မာ့ရွှေဈေးကွက်မှာ ငွေ ၁၀၀၀ နှုန်းလောက်သာ ပြောင်းလဲမှုများရှိခဲ့ကြောင်း၊ ပြည်တွင်းဈေးကွက်အတွင်း ဝယ်လိုအား၊ ရောင်းလိုအားမျှနေသောအခြေအနေမျိုးရှိကြောင်း ၎င်းက ဆိုသည်။

"အခုပြည်တွင်းဈေးကွက်မှာက ကျပ်ခြောက်သိန်းခြောက်သောင်းဝန်းကျင်လောက်နဲ့ ခပ်ငြိမ်ငြိမ်နဲ့ပဲ အရောင်းအဝယ်ဖြစ်ကြတယ်။ ကာလတိုကိုခန့်မှန်းကြည့်ရင် မြန်မာ့ရွှေဈေးအနေနဲ့ ဆက်လက်တည်ငြိမ်မှုရှိနေဦးမယ်"ဟု ဦးဝင်းမြင့်ကရှင်းပြသည်။

ဇန်နဝါရီ ၄ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ ၁၁၈၉ ဒေါ်လာရှိပြီး မြန်မာ့ရွှေဈေးမှာ အကယ်ဒမီ မီးလင်းအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၆၆၁၀၀၀ ပေါက်ဈေးရှိနေခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်တစ်ဦးလည်းဖြစ်သူ ဦးအေးချိုက ပြည်တွင်းရွှေဈေးကွက်အတွင်းတွင် လက်ရှိအရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး ရွှေဈေးနှင့် ဒေါ်လာဈေးနှိုင်းယှဉ်ရာတွင်လည်း သိပ်ကွာဟမှုမရှိခဲ့ကြောင်း၊ ၂၀၁၄ နှစ်ကုန်ပိုင်းတွင် မြန်မာ့ရွှေဈေးမှာ ကျပ် ၆၆၃၀၀၀ အထိဖြစ်ပေါ်ခဲ့ဖူးရာမှ ဇန်နဝါရီ ၃ ရက် ညနေဈေးကွက်ပိတ်ချိန်တွင် ကမ္ဘာ့ဈေး ၁၁၈၈ ဒေါ်လာဖြစ်ခဲ့ပြီး မြန်မာ့ဈေးမှာ ကျပ် ၆၆၁၃၀၀ ဖြစ်ခဲ့ကြောင်း၊ ယခု ၂၀၁၅ ခုနှစ်အတွင်း မြန်မာ့ရွှေဈေးကွက်မှာ လွန်ခဲ့သော ၂၀၁၃ ခုနှစ်လောက်နှင့် နှိုင်းယှဉ်ပါက အတက်ဘက်သို့ ဦးတည်ရန် အလားအလာများရှိနေကြောင်း သိရသည်။

ထို့အပြင် ရွှေထည်လက်ဝတ်ရတနာပစ္စည်းဈေးကွက်တွင် ၂၀၁၅ နှစ်ဆန်းပိုင်းကာလအတွင်း အရောင်းအဝယ်ကောင်းနေပြီး ကိုယ့်မိတ်နှင့်ကိုရောင်းနေရကြောင်း၊ လွန်ခဲ့သော ၂၀၁၄ခုနှစ်အတွင်း အောက်တိုဘာလလောက်အထိ အရောင်းအဝယ်ကောင်းနေပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလများ အတွင်းတွင် အရောင်းအဝယ်နည်းခဲ့ကြောင်း၊ ရွှေထည်လက်ဝတ်ရတနာဈေးကွက်မှာအခြားသော စီးပွားရေးလုပ်ငန်းများအပေါ်တွင် မှီခိုနေလျက်ရှိပြီး စီးပွားရေးကောင်းကာ ရွှေဝယ်ယူသူများလာသည့် အခြေအနေပေါ်မူတည်၍ အရောင်းအဝယ် ကောင်းမွန်လေ့ရှိတတ်သော်လည်း ယခု ၂၀၁၅ အခြေအနေမှာ မမျှော်မှန်းနိုင်သေးဘဲ ကိုယ့်မိတ်ဖြင့်ကိုသာ ရောင်းနေရသော အခြေအနေမျိုးဖြစ်ကြောင်း တိတ်ရှိန်ရွှေဆိုင်ပိုင်ရှင် ဦးမိုးအောင်က ရှင်းပြခဲ့သည်။

လွန်ခဲ့သာ ၂၀၁၄ ခုနှစ်အတွင်း ခရစ္စမတ်မတိုင်မီရက်ပိုင်းက ကမ္ဘာ့ရွှေဈေး ၁၁၉၇ ဒေါ်လာ၊ မြန်မာ့ရွှေဈေး ကျပ် ၆၇၀၀၀၀ ဖြစ်သွားခဲ့ကာ ၂၀၁၄ နှစ်ကုန်ဈေးကွက်ပိတ်ချိန်တွင် ကမ္ဘာ့ရွှေဈေး ၁၂၉၈ ဒေါ်လာ၊ မြန်မာ့ရွှေဈေးကျပ် ၆၆၂၈၀၀ ဖြစ်ခဲ့ကြောင်း သိရသည်။

**၂၀၁၅ ခုနှစ်အတွင်းရွှေဈေးနှုန်းများ**

| ရက်စွဲ | မြန်မာ့ရွှေဈေး | ကမ္ဘာ့ရွှေဈေး |
|---|---|---|
| ၂-၁-၂၀၁၅ | ၆၆၁၂၀၀ ကျပ် | ၁၁၈၆ ဒေါ်လာ |
| ၃-၁-၂၀၁၅ | ၆၆၁၀၀၀ ကျပ် | ၁၁၈၈ ဒေါ်လာ |
| ၄-၁-၂၀၁၅ | ၆၆၁၀၀၀ ကျပ် | ၁၁၈၉ ဒေါ်လာ |

ထက်ခိုင်(စမ်းချောင်း)

## ဓမ္မပူဇာသဘင် ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၄**

သာသနာ့ဟိတခရေအသင်း နေပြည်တော်၏ ပင့်ဖိတ်စီစဉ်မှုဖြင့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မသိပ္ပံပါမောက္ခချုပ်၊ စစ်ကိုင်းတောင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။

ဓမ္မပူဇာသဘင်အခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက် (ဗုဒ္ဓဟူးနေ့)၊ ၈ ရက် (ကြာသပတေးနေ့)၊၉ ရက် (သောကြာနေ့) ညစဉ် ၇ နာရီခွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**(ကြေးမုံ)**

## ထူးခြားသည့် ညအပူချိန်များ

(၄-၁-၂၀၁၅)

| | | |
|---|---|---|
| ပူတာအို | ၈ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၈ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၈ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၉ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၉ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၉ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၉ | ဒီဂရီစင်တီဂရိတ် |

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

(၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကို မြန်မာတစ်နိုင်ငံလုံး၌ ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနပေါင်းစုံဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ၊ လွန်ဆွဲ (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲဖြစ်သော ဗိုလ်လုပွဲ၊ တတိယလုပွဲများနှင့် ဆုပေးပွဲအခမ်းအနားများကို ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ဝင်းအတွင်းရှိ ဘောလုံးလေ့ကျင့်ရေးကွင်း(၃)၌ ယနေ့ နံနက် ၈ နာရီမှ စတင်ကျင်းပခဲ့ရာ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းထိုက်နှင့်ဇနီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီတို့ တက်ရောက်ကြသည်။

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တတိယဆုရရှိသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်း၊ ဒုတိယဆုရရှိသော ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဖူဆယ်(အမျိုးသား)ဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိသော အားကစားဝန်ကြီးဌာနနှင့် ဒုတိယဆုရရှိသော လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်း၊ ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲများတွင် တတိယဆုရရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသော ပြည်ထောင်စုရာထူးဝန်ရုံးအသင်း၊ ပထမ ဆုရရှိသောကာကွယ်ရေးဝန်ကြီးဌာနအသင်း လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲတွင် တတိယဆုရရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်း၊ ပထမဆု ရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းနှင့် (အမျိုးသမီး) ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော ရွေးကောက်ပွဲကော်မရှင်ရုံးအသင်းတို့အား ဒုတိယဝန်ကြီးဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် နေပြည်တော်ရှိ ကျောင်းများဖြစ်သော အထက(၁၁)နေပြည်တော်၊ အထက(၁၀)နေပြည်တော်၊ အထက(၆)နေပြည်တော်၊ အထက(၅)နေပြည်တော်ကျောင်းများတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကို ပျော်ရွှင်စွာ ကျင်းပနေသော ကျောင်းသား ကျောင်းသူများအား လှည့်လည်ကြည့်ရှုခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆုပေးအပ်ပွဲကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၄**

တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားစားပြိုင်ပွဲများကို မြို့နယ် အားကစား ဘောလုံးကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး အမျိုးသား(အလွတ်တန်း) ပိုက် ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲ၊ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲပါ ကျင်းပခဲ့ကြောင်း သိရသည်။

အမျိုးသား(အလွတ်တန်း) ပိုက်ကျော်ခြင်းပြိုင်ပွဲ တတိယနေရာလုပွဲ ပွဲစဉ်အဖြစ် BYN(1)အသင်းနှင့် BYN(2)အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ BYN (1)အသင်းက အနိုင်ရရှိပြီး ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် Glaxy အသင်းနှင့် Jay အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Glaxy အသင်းကအနိုင်ရရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကောင်းဝေအသင်းက ပထမ၊ ရွှေပုံလွှားအသင်းက ဒုတိယ၊ ရွှေရေအေးအသင်းက တတိယဆု ရရှိသွားကြောင်း သိရသည်။

ထို့နောက် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် တပ်ကုန်းမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် ကလေးသူငယ်များ ပျော်ရွှင်စွာဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်း (၁၈)မျိုး ကျင်းပခဲ့ပြီး အားကစားနည်းအလိုက်ပြိုင်ပွဲများတွင်ဆုများရရှိကြသော အားကစားသမားများကို ညနေ ၃ နာရီတွင် တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇင်ဘို(ကြေးမုံ)**

# မူဆယ်မြို့နယ် ပန်ဆိုင်း(ကြူကုတ်)မြို့တွင် ဘိန်းဖြူ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ ရက်က မူဆယ်မြို့နယ် ပန်ဆိုင်း(ကြူကုတ်) မြို့ နယ်မြေ(၂) ရပ်ကွက်(၅)နေ မလော်ကျင့်မြန်၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ နေအိမ်စတိုခန်းအတွင်းမှ ၉၉၉ တံဆိပ်ပါ ဘိန်းဖြူဘလောက်တုံး ငါးတုံး၊ တံဆိပ်မပါ ဘိန်းဖြူဘလောက်တုံး ၂၅ တုံး စုစုပေါင်း ဘိန်းဖြူ ဘလောက်တုံး ၃၀ (အလေးချိန် ၁၀ ဒသမ ၅ ကီလို)၊ (99/8 WY 88/1) တံဆိပ်များပါ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၈၄ သိန်း၊ အိုက်စ် (ICE) အလေးချိန် ၈ ဒသမ ၈ ကီလို၊ ဘိန်းစိမ်း သုံးလုံး (အလေးချိန် ၇ ကီလို)တို့ကို သိမ်းဆည်းရမိသဖြင့် မလော်ကျင့်မြန် (၄၈)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



မလော်ကျင့်မြန်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကိုကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာရပ်ကွက်တွင် အမျိုးသမီး ဆန်ကောရွက်ပြိုင်ပွဲကို တွေ့မြင်ရစဉ်။ ထက်ခိုင်(စမ်းချောင်း)

**မူးယစ်ကင်းစင် အောင်ပွဲဆင် ဆန့်ကျင်မူးယစ်ဆေး**






# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများ မြို့နယ်အသီးသီး၌ ကျင်းပ

### ဗဟန်းမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အထက(၂) ရွှေနန်းယန်ခန်းမ၌ ယနေ့နံနက် ၇ နာရီက လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှပေးပို့သော (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းစိန်က ဖတ်ကြားကြောင်း သိရသည်။ **သန္တာမေ(iprd)**

### မင်္ဂလာတောင်ညွန့်မြို့နယ်

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁)ကျောင်း ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးမြတ်ကိုထွေး ဖတ်ကြားကြောင်း သိရသည်။ **(အောင်သန်း-မင်္ဂလာတောင်ညွန့်)**

### ကြံခင်းမြို့

(၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားကြောင်း သိရသည်။ **မသူ(ပြန်/ဆက်)**

### ကျိုင်းတုံမြို့

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသဝဏ်လွှာကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက ဖတ်ကြားကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

### ပခုက္ကူမြို့

ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ပခုက္ကူမြို့ လွတ်လပ်ရေးပန်းခြံ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင် အုပ်ချုပ်ရေးမှူးဦးသန်းဆွေက ဖတ်ကြားခဲ့ကြောင်း သိရသည်။
**အောင်(မန်းတက္ကသိုလ်)**

### ချောင်းဆုံမြို့

၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ချောင်းဆုံမြို့နယ် တေဇဥယျာဉ်လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းသိန်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ဒီပဲယင်းမြို့

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့၌ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အထက ဒီပဲယင်း ရွှေဝါမြေခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်က ဖတ်ကြားကြောင်း သိရသည်။
**အောင်လင်း -iprd**

### ဘားအံမြို့

(၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်သီရိကွင်းအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်တွင် ယနေ့နံနက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဖတ်ကြားကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

### နောင်ချိုမြို့

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ မြစိမ်းသာပန်းခြံ ကျောက်တိုင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေက ဖတ်ကြားကြောင်း သိရသည်။ **(စိုးဝင်း-နောင်ချို)**

### ညောင်ရွှေမြို့

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက ဖတ်ကြားကြောင်း သိရသည်။ **(နေမျိုးသူရိန်)**

### မြင်းမူမြို့

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ဖတ်ကြားကြောင်း သိရသည်။
**(အောင်စိုးဖေ)**

### ဆီဆိုင်မြို့

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်မောင်ပယ်က ဖတ်ကြားကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

### ညောင်တုန်းမြို့

မအူပင်ခရိုင် ညောင်တုန်းမြို့တွင် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ဇန်နဝါရီ ၄ ရက်နံနက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ဖတ်ကြားကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



## နိုင်ငံတကာမီးပုံးပျံပွဲတော်ကို ရွှေဘိုမြို့နယ်၌ လာရောက်ကျင်းပ

**ရွှေဘို ဇန်နဝါရီ ၄**

နိုင်ငံတကာ မီးပုံးပျံပွဲအထိမ်းအမှတ်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မီးပုံးပျံလွှတ်တင်ပွဲများကို ကျင်းပလျက်ရှိရာ (၁၇)ကြိမ်မြောက် နိုင်ငံတကာပွဲတော်တွင် မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လာရောက်ပြီးဂက်စ်ဖြည့် မီးပုံးပျံများ လွှတ်တင်စီးနင်းပြသ၍ မြန်မာနိုင်ငံ၏ဒေသတွင်း သဘာဝ အလှများကို ကောင်းကင်ယံမှ လှည့်လည်ကြည့်ရှုကြသည်။

မီးပုံးပျံစီးအဖွဲ့သည် ရွှေဘိုသို့ ရောက်ရှိလာပြီး ဇန်နဝါရီ ၂၊ ၃၊ ၄ ရက်တို့တွင် ရွှေဘိုမြို့၏အထက် ကောင်းကင်ယံမှ မီးပုံးပျံခြောက်လုံးကို စီးနင်းလှည့်လည်ခဲ့ကြသည်။ အဆိုပါအဖွဲ့တွင် ဂျာမနီနိုင်ငံသား သုံးဦး၊ ပြင်သစ် တစ်ဦး၊ အင်္ဂလန် တစ်ဦးနှင့် ဆွစ်ဇာလန်နိုင်ငံသား ၂၄ ဦးတို့ပါဝင်ကြပြီး ရွှေဘိုမြို့ ဖောင်တော်ဦးစေတီတော်ပရိဝုဏ်အတွင်းရှိ အားကစားကွင်းအတွင်းမှ ပျံတက်ကြကြောင်း သိရသည်။


**(လှသိပ္ပံ-ရွှေဘို)**


## နောင်ချိုအေးရှားဝေါလ် တိုးဂိတ်အနီး ပစ်ခတ်မှုဖြစ်ပွား


**နေပြည်တော် ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်ရှိ အေးရှားဝေါလ်တိုးဂိတ်အနီး၌ ဇန်နဝါရီ ၁ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မန္တလေးဘက်မှ မောင်းနှင်လာသော ယာဉ်ငယ်တစ်စီးသည် တိုးဂိတ်အလွန် စစ်ဆေးရေးဂိတ်အနီးအရောက် ယာဉ်၏အနောက်ခန်းမှနေ၍ လက်နက်ငယ်ဖြင့် သုံးချက်ပစ်ခတ်ပြီး ကျောက်မဲမြို့ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့မှလည်း ပြန်လည်ပစ်ခတ်ခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းမရှိဘဲ အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**







**အေးရိပ်စံ**
(အိမ်ခြံမြေအကျိုးဆောင်)
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (အရှေ့ပိုင်း)၊ (ဆိပ်ကမ်း)ရှိ မြေကွက်များဝယ်လိုသည်။
ဖုန်း ၀၉-၄၂၃၇၂၆၉၄၅၊
၀၉-၄၃၀၈၉၂၀၃

## လူကုန်ကူးသူများ၏ "တစ္ဆေသင်္ဘော" ဗျူဟာသစ်ကို အီးယူတိုက်ဖျက်မည်

**ဘရပ်ဆဲလ် ဇန်နဝါရီ ၄**

ရွှေ့ပြောင်းနေထိုင်သူများ အပြည့်တင်ဆောင်ထားသည့် "တစ္ဆေသင်္ဘော"များကို ဥရောပနိုင်ငံများ၏ ကမ်းလွန်တွင် လာရောက်ပစ်ထားသည့် လူကုန်ကူးသူများ၏ နည်းဗျူဟာအသစ်ကို တိုက်ဖျက်သွားမည်ဟု ဥရောပသမဂ္ဂ(အီးယူ) က ယနေ့သန္နိဋ္ဌာန်ချလိုက်ပြီဖြစ်သည်။

အီးယူ၏ ဥရောပကော်မရှင်က ၎င်းသည် သင်္ဘောသားများမပါရှိသည့် ကုန်သင်္ဘော "အီဇာဒင်း" ၏ ဝန်းကျင်မှ နီးကပ်စွာလိုက်ပါလျက်ရှိသည်ဟု ပြောသည်။ ရွှေ့ပြောင်းနေထိုင်သူ ၄၅၀ ကို တင်ဆောင်လာသော ယင်းသင်္ဘောသည် အီတလီနိုင်ငံ၏ တောင်ပိုင်းကမ်းခြေသို့ ဦးတည်လျက် မျောနေစဉ် အီတလီသင်္ဘောသားများက သောကြာနေ့တွင် တက်ရောက်ထိန်းချုပ်ခဲ့ကြသည်။

ဤဖြစ်စဉ်သည် သုံးရက်အတွင်း ဒုတိယအကြိမ်ဖြစ်သည်။ အီတလီအာဏာပိုင်များသည် ဟောင်းနွမ်းနေသော ကုန်သင်္ဘောပေါ်မှ ရာပေါင်းများစွာသော ရွှေ့ပြောင်းနေထိုင်သူများကို ကယ်တင်ရန် လျင်မြန်စွာသွားခဲ့ကြသည်။

လူကုန်ကူးသူများသည် သင်္ဘောကို အီတလီနိုင်ငံသို့ ဦးတည်ခဲ့ကာ သင်္ဘောမှ စွန့်ခွာသွားကြသည်။ ပဲ့ကိုင်သူ တစ်ဦးတစ်ယောက်မျှမပါရှိဘဲ သင်္ဘောသည် ကမ်းခြေသို့ ဦးတည်ရွေ့လျားနေခဲ့သည်။

သင်္ဘောသည် လောင်စာဆီကုန်၍ ရပ်သွားမှသာ ကယ်ဆယ်ရေးသမားများ ယင်းအပေါ်သို့ တက်နိုင်သည်။

လူကုန်ကူးသူများသည် အဖမ်းအဆီးများကို ရှောင်တိမ်း၍ ဒုက္ခသည်များထံမှ အကျိုးအမြတ်ပိုမိုရရှိရန် ဗျူဟာအသစ်များ ကျင့်သုံးနေကြောင်းကို ယင်းဖြစ်စဉ်က အတည်ပြုလျက်ရှိသည်။

ဆီရီယာလွန်နိုင်ငံအလံလွှင့်ထူထားပြီး သက်တမ်း ၄၉ နှစ်ရှိ ကျွဲ၊ နွားတိရစ္ဆာန်သယ်ဆောင်သည့် "အီဇာဒင်း" သည် အော်တိုပိုင်းလော့ဖြင့် မောင်းနှင်လျက် တူရကီနိုင်ငံ ဆိပ်ကမ်းတစ်ခုမှ ထွက်ခွာလာခြင်းဖြစ်ကြောင်း အီတလီ ကမ်းခြေစောင့်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ တပ်မှူး ဖိလစ်ပိုမာရီနီက ပြောသည်။

**အေအက်ဖ်ပီ။**



## အဲအေရှလေယာဉ်တစ်စင်း ပျံတက်ရန်ကြိုးပမ်းစဉ် အင်ဂျင်စက်ရပ်သွားခဲ့

**ဆူရာဘာရာ ဇန်နဝါရီ ၄**

ဘန်ဒေါင်းမြို့သို့ပျံသန်းမည့် အဲအေရှလေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၃ ရက်က ဆူရာဘာရာနိုင်ငံတကာလေဆိပ်မှ ပျံတက်ရန်ကြိုးပမ်းစဉ် ရုတ်တရက်အင်ဂျင်စက်ရပ်သွားခဲ့သည့်အတွက် ခရီးသည်များ အထိတ်တလန့်ဖြစ်ခဲ့ရကြောင်း ဒေသခံသတင်းမီဒီယာများက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြကြသည်။

လေယာဉ်ပျံတက်ရန်အတွက် မြေပြင်တွင်အရှိန်ယူမောင်းနှင်နေစဉ် နှစ်မီတာသုံးမီတာခန့် အရောက်တွင် အင်ဂျင်စက်ရပ်ကာ ထိုးရပ်သွားခဲ့သည့်အတွက် ပြန်လည်ပြင်ဆင်မှုများပြုလုပ်ရန် ခရီးသည်များကို အောက်သို့ ပြန်ဆင်းစေခဲ့ရသည်။ ယင်းဖြစ်ရပ်ကြောင့် လေယာဉ်ပေါ်ပါခရီးသည် ၁၂၀ တို့ တုန်လှုပ်ချောက်ချားသွားစေခဲ့သည်ဟု အင်ဒိုနီးရှားသတင်းမီဒီယာများက ရေးသားဖော်ပြကြသည်။

ခရီးသည်တစ်ဦးဖြစ်သည့် ယူဆက် ဖစ်ရီယာဒီက လေယာဉ်မောင်းဝတ်စုံဝတ်ဆင်ထားသော လူတစ်ဦးက စောင့်ဆိုင်းနေသည့် ခရီးသည်များထံသို့လာရောက်ကာ စက်နှိုးသည့်ဒိုင်ခွက်တွင် ချွတ်ယွင်းချက်တစ်ခုရှိနေသည်ဟု ရှင်းပြခဲ့ကြောင်း ပြောကြားသည်။ လေယာဉ်ကို ဆက်လက်ပျံသန်းရန် ကြေညာနေသော်လည်း ခရီးသည် ၉၀ ရာခိုင်နှုန်းက ယင်းလေယာဉ်ကို လိုက်ပါစီးနင်းရန် ငြင်းဆန်ခဲ့သည်။ လေကြောင်းလိုင်းတာဝန်ရှိသူများက အဆိုပါလေယာဉ်ဖြင့် ခရီးမသွားရန် ဆုံးဖြတ်လိုက်သည့် ခရီးသည်များကို ငွေပြန်ပေးခဲ့သည်ဟု ယူဆက်ဖစ်ရီယာဒီကပြောကြားသည်။

**ချန်နယ်နယူးစ်အေရှ။**

## နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ ကျေးရွာတစ်ရွာ၌ လူငယ် ၄၀ ခန့်အား စစ်သွေးကြွများ ပြန်ပေးဆွဲ

**အဘူဂျာ ဇန်နဝါရီ ၄**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အစွန်အဖျားဒေသမှ ကျေးရွာတစ်ရွာတွင် ဘိုကိုဟာရမ်အဖွဲ့ဝင်များဟု သင်္ကာမကင်းရှိသူ စစ်သွေးကြွအုပ်စုတစ်စုက ကျေးရွာသားကလေးငယ်နှင့် လူငယ်ဦးရေ ၄၀ ခန့်အား ဇန်နဝါရီ ၁ ရက်တွင် ပြန်ပေးဆွဲခဲ့ကြောင်း ဒေသတွင်းနေထိုင်သူများက ပြောကြားသည်။

ယင်းကျေးရွာမှ ထွက်ပြေးလာသူများသည် ဘိုနိုပြည်နယ်၏ မြို့တော် မီးဒူဂူရီသို့ ဇန်နဝါရီ ၂ ရက် နှောင်းပိုင်းတွင် ရောက်ရှိလာပြီး အဆိုပါကလေးငယ်များနှင့် လူငယ်များအား နှစ်သစ်ကူးညစာစားပွဲပြုလုပ်နေစဉ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် ယမန်နှစ်ကလည်း ဘိုနိုပြည်နယ်အတွင်း၌ အဆောင်နေကျောင်းသူ ၂၀၀ ခန့်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ယမန်နှစ်အတွင်းက လူ ၂၀၀၀ ကျော် သေဆုံးခဲ့ရသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသအား အစ္စလမ်မစ်နိုင်ငံထူထောင်ရေးအတွက် ဘိုကိုဟာရမ်အဖွဲ့က ၂၀၀၉ ခုနှစ်ကတည်းက စတင်ကာ ကြိုးပမ်းလုပ်ဆောင်နေခဲ့ခြင်းဖြစ်သည်။

**ဘီဘီစီ။**

## အာဖဂန်နိုင်ငံတွင် ဘောလုံးကစားစဉ် ဗုံးပေါက်ကွဲ လူငါးဦးသေ ရှစ်ဦးဒဏ်ရာရ

**အစ္စလမ္မာဘတ် ဇန်နဝါရီ ၄** ။ ။ ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း အိုရက်ဇေးဒေသရှိ ဘောလုံးကွင်းတစ်ခုတွင် လူငယ်များဘောလုံးကစားနေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူငါးဦးသေဆုံးသွားပြီး ရှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့ဖော်ပြထားသည်။

ပါကစ္စတန်-အာဖဂန်နစ္စတန်နယ်စပ်တစ်လျှောက် အိုရက်ဇေးဒေသရှိ ဘောလုံးကွင်းတစ်ခုတွင် လူငယ်များဘောလုံးကစားနေစဉ် စစ်သွေးကြွများက လူသူမသိမြေကြီးထဲတွင် မြှုပ်ထားသောဗုံးကို အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ဒွန်းတီဗွီရုပ်သံလိုင်းကပြောကြားခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ အဆိုပါ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်းသိရသည်။

**ဆင်ဟွာ။**

(FULLY LIGHT TRAVELS & TOURS)
(CHINT ELECTRONIC)
(NEW CITY LIGHT CONSTRUCTION CO.LTD)
သန့်ရှာ ဦးအောင်သောင်း
ဂျက်ထူး-ဦးအောင်ခိုင်
Grammar & Essay
English Speaking
B.A (English)
Certificate in Travel & Tourism
City College of San Francisco
ဦးအောင်အောင်
LCCI Level I + II, III
CPA
CLASS (A)
CLASS (B)



# ကနီမြို့နယ်ရှိ (၁၆) ခုတင်ဆံ့ဆေးရုံ ဖွင့်လှစ်တော့မည်

**ကနီ၊ ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကင်းကျေးရွာတွင် ဆောက်လုပ် ပြီးစီးခဲ့သည့် (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံကြီးအား ယခုဇန်နဝါရီလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

ဆေးရုံကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်က စတင်ဆောက်လုပ်ခဲ့သည်။ ဆောက်လုပ်မည့်မြေ ၃၁ ဒသမ ၆၂ဧကရှိ မြေနေရာကို ရွာပိုင်မြေမှ လှူဒါန်းပြီး အလျား ပေ ၁၂၀၊ အနံ ပေ ၆၀ အကျယ်ရှိ ဆေးရုံ၊ အလျား ၄၈ပေ ၊ အနံ ၄၆ ပေရှိ ဓာတ်ခွဲဆောင်၊ အလျား ၃၆ ပေ၊ အနံ ပေ ၃၀ရှိ ဝန်ထမ်းအိမ်ရာ နှစ်လုံးနှင့် အလျား ၂၆ ပေ၊ အနံ ၂၄ ပေရှိ ဓာတ်မှန်ဆောင်များကို ဆောက်လုပ်ထားသည်။

မကြာမီ ဖွင့်လှစ်တော့မည့် (၁၆) ခုတင်ဆံ့ ကင်းတိုက်နယ်ဆေးရုံသည် ကနီနှင့် မင်းကင်းမြို့နယ်နှစ်မြို့နယ်အစပ်နှင့် ကနီ-မင်းကင်း ကားလမ်းဘေးရှိ ကင်းကျေးရွာတွင် တည်ဆောက်ထားသဖြင့် အချက်အချာကျပြီး ကနီမြို့နယ်အတွင်းမှ ကျေးရွာအုပ်စုခြောက်အုပ်စု၊ ကျေးရွာပေါင်း ၂၆ ရွာ၊ မင်းကင်းမြို့နယ်အတွင်းမှ ကျေးရွာအုပ်စုသုံး အုပ်စု၊ ကျေးရွာပေါင်းခြောက်ရွာရှိပြီး မြို့နယ်နှစ်မြို့နယ်မှ ကျေးရွာပေါင်း ၃၂ ရွာရှိဒေသခံပြည်သူ နှစ်သောင်းကျော်တို့အား ကုသပေးနိုင်မည်ဖြစ်သည်။

အဆိုပါ (၁၆)ခုတင်ဆံ့ ကင်းတိုက်နယ်ဆေးရုံကို ဦးခင်မောင်ရှိန် ဇနီး ဒေါ်ခင်နှင်းလှိုင် သမီး မခင်မြင့်မြတ်ရှိန်(ခ) မခင်သန့်ဇင် (ဖွဲ့မြင့်မြတ်ထွန်း၊ ရေကြောင်းပို့ဆောင်ရေး ရန်ကုန်)မိသားစုတို့မှ ငွေကျပ်သိန်းပေါင်း ၃၉၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

# တွံတေးမြို့နယ်တွင် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ပြီးဖြစ်၍ ယခင်ထက် ဓာတ်အားထုတ်လွှတ်မှု ပိုမိုဆောင်ရွက်နိုင်

**တွံတေးမြို့၊ ဇန်နဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရပ်ကွက်များအတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အားများ ပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ထရန်စဖော်မာအသစ်များတိုးချဲ့ တည်ဆောက်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ညောင်တံခါးကျောင်းလမ်းထိပ်တွင် ၁၆၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးအားလည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကွမ်းခြံရပ်ကွက် ရိပ်သာလမ်းထောင့်တွင် ၁၆၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးအားလည်းကောင်း တည်ဆောက်ပြီး ဓာတ်အားများ လွှတ်ပေးခဲ့ကြောင်းသိရသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တွံတေးမြို့နယ် ရပ်ကွက်များအတွင်း ထရန်စဖော်များ စုစုပေါင်း ခြောက်လုံးဖြည့်စွက်တည် ဆောက်ခဲ့ပြီး ဓာတ်အားလွှတ်ပေးခဲ့သည်။ ကျွန်းတောရပ်ကွက်၊ ကျွန်းတော (၅) လမ်းတွင် ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး ထပ်မံတည်ဆောက်ပြီး ဓာတ်အားအမြန်ပို့လွှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများ မီးအားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ထပ်မံလိုအပ်သော နေရာများကို စိစစ်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

တွံတေးမြို့နယ် ရပ်ကွက်များအတွင်း ယခင်က ဗို့အားကျဆင်းလျက် အသုံးပြုနေသော ပြည်သူများအနေဖြင့် ယခုအခါ ဗို့အားပြည့်မီစွာ အသုံးပြုကြရသဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း ကွမ်းခြံရပ်ကွက်၊ ရိပ်သာလမ်းမှ ပြည်သူများက ပြောကြားခဲ့သည်။

**မင်းထက်နိုင်(လှိုင်သာယာ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁-၂၀၁၅ နေ့စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၁၅) ဖော်ပြထားသော "အင်္ဂပူမြို့နယ်၌ ကညင်ဆည်ရေမြောင်း ဖောက်လုပ်ရန် တောင်သူများအား လျော်ကြေးငွေများပေးအပ်" သတင်းတွင် "လယ်မြေဧက ၈၀ ဒသမ ၁၅ ဧက အတွက် လျော်ကြေးငွေ သိန်း ၁၅၇၅၀၀ ပေးအပ်ခဲ့ကြောင်း" အစား "လယ်မြေဧက ၁၁၇ ဒသမ ၅၆ ဧကအတွက် ကျပ်သိန်းပေါင်း တစ်ထောင့်နှစ်ရာသုံးဆယ့်လေး ဒသမ သုံးရှစ်တိတိကို ပေးအပ်ခဲ့ကြောင်း" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

## သွေးသည်အသက်

# တောင်သာမြို့နယ်၌ ရာသီဥတုကြောင့်ဖြစ်ပေါ်သော မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်

**တောင်သာ၊ ဇန်နဝါရီ ၄**

တောင်သာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ပြည်သူများအား စမ်းသပ်ခြင်း၊ ခွဲစိတ်ခြင်း၊ မျက်မှန်တပ်ဆင်ပေးခြင်း၊ အသွားအပြန် ခရီးစရိတ်ထောက်ပံ့ခြင်း၊ စားသောက်စရိတ်များကိုအခမဲ့ပံ့ပိုးပေးခြင်း ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် IBTC ဖောင်ဒေးရှင်း နာယက ဦးအောင်မိုးကျော်တို့ ပူးပေါင်း၍ ဇဂျမ်း-ကန်မြကျေးရွာ၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

မျက်စိဝေဒနာရှင် ပြည်သူများကို အခမဲ့ကွင်းဆင်းကုသပေးခြင်း ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး IBTC ဖောင်ဒေးရှင်းနာယက ဦးအောင်မိုးကျော်၏ကိုယ်စားဦးစောဖုန်းနိုင်က ဖောင်ဒေးရှင်းအနေဖြင့် လှူဒါန်းရခြင်း အကြောင်းများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၎င်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထင်ကျော်တို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြသည်။

တောင်သာမြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင်ပြည်သူများအား အခမဲ့ စမ်းသပ် ကွင်းဆင်းစစ်ဆေးကုသခြင်းများကို စုရပ်သုံးနေရာခွဲ၍ ဒီဇင်ဘာ ၂၆ရက်မှ စတင်ကာ ရုံးစည်ကြီးကျေးရွာအုပ်စု စုရပ်မှ ပြသသူ ၈၃၇ ဦး၊ မျက်မှန်တပ်ဆင်ရမည့်သူ ၃၈၂ ဦး၊ ခွဲစိတ်ကုသရမည့်သူ ၅၅ ဦးကို မျက်စိအထူးကုဒေါက်တာဦးကိုကိုသန်း (မိတ္ထီလာပြည်သူ့ဆေးရုံ)နှင့် ဒေါက်တာဒေါ်ပွင့်ဖြူဝင်း(ကျောက်ပန်းတောင်းပြည်သူ့ဆေးရုံ) တို့က စစ်ဆေးခဲ့သည်။

ဒီဇင်ဘာ ၂၈ ရက်တွင် ဇဂျမ်း-ကန်မြ စုရပ်မှ ပြသသူ ၇၈၂ ဦး၊ မျက်မှန်တပ်ဆင်ရမည့်သူ ၃၄၄ ဦး၊ ခွဲစိတ်ကုသမည့်သူ ၁၄၂ ဦးကို မျက်စိအထူးကု ဒေါက်တာဒေါ်သန္တာထွန်းနှင့် ဒေါက်တာဒေါ်အေးသီတာမြင့် (မြင်းခြံပြည်သူ့ဆေးရုံ)တို့က စစ်ဆေးခဲ့သည်။

ဒီဇင် ဘာ ၂၉ ရက်တွင် ဆီမီးကန်ကျေးရွာ စုရပ်မှ ပြသသူ ၈၅၆ ဦး၊ မျက်မှန်တပ်ဆင်ရမည့်သူ ၃၀၅ ဦး၊ ခွဲစိတ်ကုသမည့်သူ ၁၂၀ ဦးကို မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးတင်မောင်စိုး ခေါင်းဆောင်သောအဖွဲ့တို့က အခမဲ့ စမ်းသပ်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။


ခွဲစိတ်ကုသခြင်းလုပ်ငန်းများကို တောင်သာမြို့နယ် ပြည်သူ့ဆေးရုံတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးတင်မောင်စိုး ခေါင်းဆောင်သော အဖွဲ့က ခွဲစိတ်ကုသပေးခဲ့ပြီး လက်ရှိတွင် ၃၁၇ ဦး ခွဲစိတ်ပြီးဖြစ်ကြောင်း သိရသည်။

တောင်သာမြို့နယ်အတွင်း စုစုပေါင်း ပြသသူ ၂၄၇၅ ဦး၊ မျက်မှန်တပ်ဆင်ရမည့်သူ ၁၀၃၁ ဦး၊ ခွဲစိတ်ကုသရမည့်သူ ၃၁၇ ဦး ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဒေသသည် မိုးခေါင်ရေရှား၊ ပူပြင်းခြောက်သွေ့သော ရာသီဥတုကို ပြင်းထန်စွာ ခံစားရသောကြောင့် ဒေသတွင်း ပြည်သူများအနေဖြင့် မျက်စိဝေဒနာကို များစွာ ခံစားရလျက်ရှိသည်။

၎င်းကို ကုစားပေးသည့်အနေဖြင့် တောင်သာမြို့နယ်အတွင်း ပြည်သူများ၏မျက်စိ ကျန်းမာရေးအတွက် ကုန်ကျစရိတ်များအားလုံးကို ဦးအောင်မိုးကျော် (ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းနာယက၊ ရာသက်ပန်အလှူရှင် IBTC ဖောင်ဒေးရှင်းနာယက) လှူဒါန်းခဲ့ကြောင်း သိရသည်။

**တောင်သာ(ပြန်/ဆက်)**







**99 CONDO**

မြေညီတိုက်ခန်းငှားမည်

ပေ (၂၄×၄၈) မြေညီ/ထပ်ခိုး၊ ကြွေပြားခင်းပြီး၊ ထောင့်ခန်းငှားမည်။ ပေ (၂၄×၄၈) ၅လွှာ တိုက်ခန်း၊ ပါကေးခင်း၊ ဖုန်း၊ INTERNET၊ 2 AC၊ ဓာတ်လှေကား၊ ကားပါကင်၊ BSEMENT ပါဝင်သည်။

(CB ဘဏ်၊ ဝိဇရဘဏ်ခွဲအနီး)

ဖုန်း-**09-974321842, 09-4210 69433, 09-73072141**



# ကျောက်ပန်းတောင်းမြို့ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းစုံညီပွဲတော်နှင့် အားကစားပြိုင်ပွဲများကျင်းပ



**ကျောက်ပန်းတောင်း၊ ဇန်နဝါရီ ၄**

ကျောင်းသား လူငယ်လေးများ၏ စိတ်ဓာတ် ကြံ့ခိုင်မှုဖွံ့ဖြိုးစေရေး စည်းလုံးညီညွတ်မှုနှင့် စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေးတို့ကို ရည်ရွယ်၍ တတိယအကြိမ်မြောက် ကျင်းပပြုလုပ်သော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ စုံညီပွဲတော်နှင့် အားကစားပြိုင်ပွဲများ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ရွှေနဒီပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှေ့ အားကစားကွင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြိုင်ပွဲတာဝန်ခံ ဆရာတော်က ပြိုင်ပွဲဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်း ပြောကြားပြီး ကျောက်ပန်းတောင်းမြို့နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အတွင်းရေးမှူး၊ ရွှေနဒီပရဟိတ ဘုန်းတော်ကြီးကျောင်း၏နာယက ဆရာတော်က အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အားကစားသမားများကိုယ်စား အလံကိုင်အဖွဲ့က အားကစား အဓိဋ္ဌာန်ရွတ်ဆိုကြပြီး ကျောင်းသား၊ ကျောင်းသူလေးများ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ခဲ့သည်။

အဆိုပါ စုံညီပွဲတော်နှင့်အားကစားပြိုင်ပွဲများသို့ ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများဖြစ်သော ရွှေနဒီပရဟိတကျောင်း၊ ကျွဲကန်ကျောင်း၊ ဆုံကုန်းကျောင်း၊ ကံကုန်းကျောင်း၊ ဂုဏ်တောကျောင်းနှင့် ဇဗ္ဗူသိင်္ဂီနှစ်ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ ယှဉ်ပြိုင်ကြပြီး အားကစားပြိုင်ပွဲ၊ဆုပေးပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို ဇန်နဝါရီ ၂ ရက်တွင် ဆက်လက်ကျင်းပခဲ့သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ကျောက်ပန်းတောင်း၌ စံပြမိခင်နှင့်ကလေး ပြိုင်ပွဲကျင်းပ

**ကျောက်ပန်းတောင်း၊ ဇန်နဝါရီ ၄**

(၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်၊ စံပြမိခင်နှင့်ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမတွင်ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ပြိုင်ပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းသီတာချိုစင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှသူနာပြုများက မွေးစမှ သုံးလကလေးငယ်များ သုံးလမှခြောက်လကလေးငယ်များ၊ ခြောက်လမှ တစ်နှစ်အတွင်းကလေးငယ်များအားကိုယ်အလေးချိန်ခြင်း၊ကျန်းမာရေးစစ်ဆေးချက်ရယူခြင်း၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုနှင့် အသိဉာဏ်ဖွံ့ဖြိုးမှုစစ်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကာကွယ်ဆေးထိုးနှံခြင်း ရှိ/မရှိတို့ကိုစစ်ဆေးအမှတ်ပေးကြပြီး၊ စံပြမိခင်များကို စစ်ဆေးရွေးချယ်ကြရာမြို့ပေါ်ရပ်ကွက်များမှ မိခင်နှင့်ကလေးပြိုင်ပွဲဝင် စုစုပေါင်း ၂၉ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## မြင်းခြံဒီဂရီကောလိပ်၌ မောင်မယ်သစ်လွင် ကြိုဆိုပွဲကျင်းပ

**မြင်းခြံ၊ ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြင်းခြံဒီဂရီကောလိပ်တွင် ၂၀၁၄-၁၅ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် ပညာသင်နှစ်ဖွင့်ပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြင်းခြံဒီဂရီကောလိပ် ကျောင်းအုပ်ဆရာကြီး ဒေါက်တာကိုကိုမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

အခမ်းအနား၌ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)၊ မော်ကွန်းထိန်းတို့နှင့် ကျောင်းသား၊ ကျောင်းသူများကို မိတ်ဆက်ပေးခဲ့ကြောင်းသိရသည်။

ယင်းနောက် ဝိဇ္ဇာဘာသာရပ် နှင့် သိပ္ပံဘာသာရပ်ဆိုင်ရာသိမှတ်စရာများကိုသက်ဆိုင်ရာပါမောက္ခ (ဌာနမှူး )များကလည်းကောင်း၊ လိုက်နာရမည့် စည်းကမ်းချက်များကို မော်ကွန်းထိန်းက လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်ဖွင့်ပွဲကို နံနက် ၁၁ နာရီတွင် ပင်မကျောင်းဆောင်၌ ကျင်းပခဲ့ပြီး ဘာသာရပ်ပေါင်းစုံ၏ ပညာရေးအထောက်အကူပြု ပစ္စည်းများကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး သိလိုသည်များကိုမေးမြန်းကြသည်။

ပြပွဲသို့ မြင်းခြံဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ဌာနမှူးများ ၊ ဆရာ ၊ ဆရာမများ၊ မော်ကွန်းထိန်းနှင့် ရုံးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများလည်း လာရောက် ကြည့်ရှုလေ့လာကြကြောင်းသိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## မြန်အောင်မြို့သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်ကြီးတွင် လိုအပ်နေသောရေကန်နှင့်သန့်စင်ခန်းလှူဒါန်း

**မြန်အောင်၊ ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ သမိုင်းဝင်ဆုတောင်းပြည့်စေတီ တော်ကြီးတွင် လိုအပ်နေသော ရေကန်နှင့်သန့်စင်ခန်းကို အလှူရှင်များဖြစ်ကြသော ဦးဝင်းနိုင်၊ ညီမ ဒေါ်တင်တင်မြင့် ( အဓိပတိ အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေးနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း) ပုသိမ်မြို့မှ လှူဒါန်းခဲ့ကြသည်။

စေတီတော်ကြီးတွင် လိုအပ်နေသော ရေကန်နှင့် သန့်စင်ခန်းကို ဘုရားဖူးလာရင်း လှူဒါန်းလိုသဖြင့် ဒီဇင်ဘာ ၁၅ ရက်က စတင်တည်ဆောက်ခဲ့သည်။

ဇန်နဝါရီ ၁ ရက်တွင် လုပ်ငန်းများ ပြီးစီး၍ မြန်အောင်မြို့ ဝေဠုဝန်ကျောင်းတိုက်၊ ဓမ္မိကာရာမကျောင်းတိုက်နှင့် မုံရွာ ကျောင်းတိုက်တို့မှ ဆရာတော်များက တရားတော်များ ချီးမြှင့်ကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အခမ်းအနားသို့ မြို့မိမြို့ဖများ၊ ဂေါပကများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။ **နေဝင်းဇော်(မြန်အောင်)**

## ကနီမြို့နယ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆ဧသန်းဖြင့် မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီး

**ကနီ၊ ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆ဧ သန်းဖြင့် RC တစ်ထပ် မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ကို ဒီဇင်ဘာ ၃၁ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆောက်အအုံကို ၂၀၁၄ ခုနှစ် ဇူလိုင် ၇ ရက်မှစတင်၍ ရွှေကနီကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ပြီး အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ အဆောက်အအုံဖြစ်ကြောင်းသိရသည်။

မြန်မာ့စီးပွားရေးဘဏ်ရုံး အဆောက်အအုံသစ်ကို လုံခြုံမှုအခန်း၊ မန်နေဂျာအခန်း၊ ငွေကြေးခန်း၊ ဘဏ်နှင့်ဆက်သွယ်သူများ နားနေခန်းပါ ထည့်သွင်းဆောက်လုပ်ထား ကြောင်းသိရသည်။

အဆိုပါ ဘဏ်ရုံးမှာ မြို့၏အလယ် မြို့လယ်လမ်းမဘေးတွင် ဆောက်လုပ်ထားခြင်းဖြစ်သဖြင့် အငြိမ်းစားပင်စင်စားများ၊ လစာထုတ်ယူသူများနှင့် ငွေသွင်းငွေထုတ် ပြည်သူများအတွက်ပါ ဝင်ထွက်သွားလာမှု ပိုမိုအဆင်ပြေလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**

သင့်သွေးဖြင့်
အသက်ကယ်ပါ

ဒေါက်တာဝင်းဆွေ
စိတ်ရောဂါကုဆရာဝန်တစ်ဦး၏
ကိုယ်တွေ့မှတ်တမ်း

FEG

Win Educational
အသင်မှတ်ကယ်ဆယ် ဂုဏ်ထူးသွယ်ယူ
အသမတန်း နာရီ(၃၀)ကိုယ်တိုင်လေ့လာ
မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ
ဇီဝဗေဒ၊ ဘောဂဗေဒ၊ သမိုင်း၊ ပထဝီဝင်
(RIT, BE)

